
www.dhammadownload.com




# ဖြစ်ပျက်တွေ့ရင် တိဟိတ်လို့ဆုံးဖြတ်

(၃၊၃၊၇၉)

၂၇

ကျေးဇူးတော်ရှင်မဟာထေရ်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ်(၂၉)မှ
ထုတ်နုတ်ပုံနှိပ်ပါသည်။

www.dhammadownload.com

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်က
ဤစာအုပ်ကို ရိုက်နှိပ်ထုတ်ဝေပါသည်။

အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့
တွင် ရနိုင်ပါသည်။

ဖုန်း - ၅၄၁၈၆၀ , ၇၂၅၁၃၂

www.dhammadownload.com

ကျေးလူတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ဟောကြားတော်မူသောတရားတော်

# ဖြစ်ပျက်တွေ့ရင်
# တိဟိတ်လို့ဆုံးဖြတ်

(၃ - ၃ - ၅၉)

www.dhammadownload.com

စာမူခွင့်ပြုချက် အမှတ် - (၆၄၂/၉၅) (၇)

ထုတ်ဝေသူ ဦးအောင်ချို၊ (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

ပုံနှိပ်သူ ဦးဝင်းအောင် (မြ ၀၅၁၃၁)၊
သန်းထိုက်ရတနာပုံနှိပ်တိုက်၊
အမှတ် ၈၄/၈၆၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

www.dhammadownload.com

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူသောတရားတော်

# ဖြစ်ပျက်တွေ့ရင် တိဟိတ်လို့ဆုံးဖြတ်

(၃-၃-၅၉)

"ငါပြောတဲ့သုံးချက်ဟာ မင်းညီညွတ်အောင်နေလို့ ရှိရင် မဂ်ဖိုလ်ရပါလိမ့်မယ်"လို့ ပြောထားတယ်နော် (မှန်ပါ့ဘုရား)မာဂဏ္ဍီပရိဗိုဇ်ကို မဂ်ဖိုလ်ရချင်လို့ရှိရင် ဘုရားက သုံးချက်ဟောတယ်. . (မှန်ပါ့)၁-နံပါတ်က သူတော်ကောင်းကိုဆည်းကပ်ရမယ်။

၁-နံပါတ်ကဘာပါလိမ့် (သူတော်ကောင်းကို ဆည်းကပ်ရပါမယ်)။

အဲ. . . မဂ်ဖိုလ်ရချင်လို့ရှိရင် သူတော်ကောင်းဆည်းကပ်ကြပါလို့ ဘုရားကရှေးဦးစွာ တိုက်တွန်းတယ်(မှန်ပါ့)။ သူတော်ကောင်းဆည်းကပ်ရုံနဲ့၊ အနားကပ်ပြီးသကာလ

www.dhammadownload.com



ကြည်ညိုနေရုံနဲ့လဲ ဒါမပြီးသေးပါဘူး. . . လို့ ဒကာ ဒကာမ တွေက မှတ်ရမယ်(မှန်ပါ့) တရားကိုနာရဦးမယ်တဲ့(မှန်ပါ့) သူတော်ကောင်းနား ဆည်းကပ်ပြီး တရားလဲနာရဦးမှာဗျ . . . (မှန်ပါ့) တရားမနာလို့ရှိရင်လဲ ဒကာဒကာမတို့ တစ်ထစ်ချ မှတ်ပေတော့ မည်သူမျှ သောတာပန် မတည်နိုင်ဘူး (မှန်ပါ့ဘုရား)။

## တရားမနာလို့ရှိရင်သောတာပန်မတည်နိုင်ပါ

သူတစ်ပါးထံမှတရားမနာဘဲ အလိုလိုကိုယ့်ဉာဏ်နဲ့ ဘုရား ပစ္စေကဗုဒ္ဓါကလွဲရင် ဘယ်သူမှ သောတာပန် မတည်နိုင်ဘူးလို့ ဆုံးဖြတ်ချက်ချ (မှန်ပါ့) ဘုရားနဲ့ ပစ္စေက ဗုဒ္ဓါကလွဲရင်ကျန်တဲ့ ပုဂ္ဂိုလ်များမှာ ဘယ်အခါကာလမှ သောတာပန်မတည်နိုင်ဘူး. . (မှန်ပါ့) မှတ်မိကြပလား (မှတ်မိပါပြီဘုရား)။

ဘုရား ပစ္စေကဗုဒ္ဓါကိုချန်၊ ကျန်တဲ့ ပုဂ္ဂိုလ်တွေ ဟာဖြင့် တရားမနာဘဲသောတာပန်တည်တဲ့ပုဂ္ဂိုလ် မရှိကို မရှိဘူးလို့ဆုံး ဖြတ်ချက်ချ. . (မှန်ပါ့) သဘောကျပလား (ကျပါပြီ)၊ ဘယ် နှစ်ချက်ရှိသွားပလဲ (နှစ်ချက်ပါဘုရား)။

www.dhammadownload.com



လျှော်စွာကျင့်ရမယ် (မှန်ပါ) လျှော်စွာဆိုတဲ့ဥစ္စာတော်တော်အရေးကြီးတယ်။ ၃-နံပါတ်အချက်ပဲလို့ အားလုံးဒကာ ဒကာမတွေ မှတ်စမ်းပါ (မှန်ပါ) ဒကာဒကာမတို့ဒီအချက်ဟာ အလွန်အရေးကြီးတဲ့အချက်လို့ မှတ်ပါ (မှန်ပါဘုရား)။

## တရားနဲ့လျော်အောင်ကျင့်

လျှော်စွာအကျင့်ဆိုတာ ဓမ္မာနုဓမ္မ ကိုဆိုသည် (မှန်ပါ)၊ ဓမ္မာနုဓမ္မဆိုသည်မှာ တရားနဲ့လျော်အောင်ကျင့်သောအကျင့်ကိုဆိုသည်. . . (မှန်ပါ)။

တရားနဲ့ လျော်အောင်ဆို အခု ဒကာ ဒကာမတွေ တရားနာနေတာ ဘယ်သူတွေတုံးလို့မေးရင် ဘယ့်နှယ်ဖြေကြမယ်. . . (ရုပ်နာမ်တွေပါဘုရား)။

ဪ. . ဒါဖြင့် ရုပ်နာမ်တွေဆိုတာ ဒကာဒကာမတွေ သိနေတော့ ရုပ်ကလည်း ဘယ်မှာလမ်းဆုံးပါလိမ့်မတုံးမေးတော့ ဖြစ်ပျက်၊ နာမ်ကလည်း ဘယ်မှာလမ်းဆုံးသလဲ. . . (ဖြစ်ပျက်ပါပဲဘုရား)၊ အဲဒီတရားနှစ်ခုနဲ့ လျော်အောင်ကျင့်ပါတဲ့. . . (မှန်ပါဘုရား)။

ဒီတရားနှစ်ခုက လျော်အောင် ဉာဏ်က ဘာလုပ်ရမလဲ. . . (လျော်အောင်ကျင့်ရပါမယ်ဘုရား)။ ရုပ်က ဖြစ်

www.dhammadownload.com



ပျက်ဆိုရင် ဉာဏ်ကလည်း ဖြစ်ပျက်လို့သိရမယ် . . (မှန်ပါ့)၊ ရုပ်က ဖြစ်ပျက်ဆိုရင် ဉာဏ်က ဘယ်လိုသိရမလဲ (ဖြစ်ပျက်လို့ သိရပါမယ်ဘုရား)။

အဲဒီတော့ တရားနဲ့ မလျော်ဘူးလား (လျော်ပါတယ်ဘုရား) နဂိုအရှိ ဖြစ်ပျက်နဲ့ ဉာဏ်ကဖြစ်ပျက်လို့ သိတာနဲ့တော့ ဦးခင်မောင် လျော်တာပေါ့ . . . (မှန်ပါ့)။

နာမ်ကပြတာကလဲ နာမ်လို့သာ ဆိုရတယ် ကိုယ်ကြည့်လိုက်တဲ့အချိန်ကျတော့ သူကလဲ ဘာပြသတုံး (ဖြစ်ပျက်ပဲပြပါတယ်ဘုရား) ဉာဏ်က ဘယ်လိုမြင်ရမှာတုံး (ဖြစ်ပျက်ကို မြင်ရမှာပါဘုရား) အဲဒါ လျော်စွာအကျင့်ဆိုတာ ဒါကို ဆိုတာပဲ ဓမ္မာနုဓမ္မ ဆိုတာ ဒါပါပဲ . . . (မှန်ပါ့)။

ဓမ္မဿ အနုဓမ္မံ ပဋိပဇ် ဆိုတဲ့အတိုင်း တရားနဲ့ လျော်အောင်ကျင့်တဲ့အကျင့်ပဲလို့ ဆိုသောကြောင့် နာမ်က ဖြစ်ပျက်မို့ ကျင့်တဲ့ဉာဏ်ကလဲ ဖြစ်ပျက်လို့ပဲ သူက ဖြစ်ပျက်ပြလို့ ဩော် ဒါဟာ ဖြစ်ပျက်ပါလားလို့ ဉာဏ်ကလဲ နှလုံးသွင်းပါ . . . တဲ့၊ (မှန်ပါ့)။

## ဉာဏ်ကဖြစ်ပျက်လို့ သိပေးပါ

သိပ်ခဲယဉ်းတယ်လို့ ဒကာဒကာမတွေ ဝိပဿနာစခန်းမှာ နောက်မတွန့်ကြပါနဲ့ (မှန်ပါ့) တရားက ဖြစ်ပျက်

www.dhammadownload.com



ပြနေရင် ဉာဏ်က ဘယ်လိုသိရမတုံး (ဖြစ်ပျက်လို့ သိရပါ မယ်ဘုရား) သဘောကျပလား (ကျပါပြီဘုရား) ရုပ်က ဖြစ်ပျက်ဆိုရင်ကော (ဉာဏ်ကဖြစ်ပျက်လို့ သိပေးရပါမယ် ဘုရား)။

အဲ . . . ရုပ်နာမ်ဖြစ်ပျက် ပြလို့ရှိရင် ဉာဏ်က သိပေးလိုက်လို့ရှိရင် ဒါဟာ တရားနဲ့ မလျော်ဘူးလား (လျော် ပါတယ်ဘုရား) ရုပ်နာမ်တရား ဖြစ်ပျက်နဲ့လဲ ဉာဏ်လျော်ပြီ၊ နာမ်တရားဖြစ်ပျက်နဲ့လဲ (ဉာဏ်နဲ့လျော်ပါပြီဘုရား) အဲဒ် လျော်စွာအကျင့်ဆိုတဲ့ ၃-နံပါတ်ပဲနော် (မှန်ပါ့)။

ကောင်းပြီ . . . . ဒီလိုကျင့်လို့ရှိရင် ဉာဏ်က သိပေး လိုက်လို့ရှိရင် ဒါဟာ တရားနဲ့ မလျော်ဘူးလား (လျော်ပ် တယ်ဘုရား) ရုပ်နာမ်တရား ဖြစ်ပျက်နဲ့လဲ ဉာဏ်လျော်ပြီ နာမ်တရား ဖြစ်ပျက်နဲ့လဲ (ဉာဏ်နဲ့လျော်ပါပြီဘုရား) အဲဒ် လျော်စွာကျင့်ဆိုတဲ့ ၃-နံပါတ်ပဲနော် (မှန်ပါ့)။

ကောင်းပြီ . . . ဒီလိုကျင့်လို့ရှိရင် မာဂဏ္ဍီကို ဒီသုံး ချက် ဟောလိုက်တယ်၊ အဲဒါကို မှတ်မိအောင် . . .

**သူတော်ဆည်းကပ်၊ မြတ်တရားနာ၊**

**လျော်စွာအကျင့်၊ မဂ်ဖိုလ်ခွင့်၊ ရလင့်စေနိုင်သာ. . .။**

ဒကာဒကာမတို့ ဒါကလေး နှုတ်ထဲရအောင် ဆောင် ထားလိုက်ကြပါနော် . . . (မှန်ပါ့)။

www.dhammadownload.com



အဲဒီ မာဂဏ္ဍီပရိဗိုဇ်ကို၊ မင်းသည် သူတော် ဆည်းကပ်၊ မြတ်တရားနာ၊ လျော်စွာသာ ကျင့်စမ်းပါတဲ့၊ မဂ်ဖိုလ်ခွင့်ကတော့ ရလင့်ကေန်ပါတဲ့၊ သုံးချက်တည်း ဟောတော်မူတာဗျ (မှန်ပါ့)။

## ဒီသုံးချက်နဲ့ ညီရင် မဂ်ဖိုလ်ရမယ်

နောက်နှစ်ချက်ကတော့ အဖြေပြတာပါ။ စင်စစ်ကတော့ သူတော်ဆည်းကပ်တစ်ချက်ရယ်၊ မြတ်တရားနာတစ်ချက်ရယ်၊ လျော်စွာအကျင့် တစ်ချက်၊ ဤသုံးချက်နဲ့ ညီလို့ရှိရင် မဂ်ဖိုလ်အခွင့်အရေးဟာဖြင့် ကေန်ရမှာပဲ . . . တဲ့ (မှန်ပါ့) မာဂဏ္ဍီကို ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောတာ၊ မဇ္ဈိမပဏ္ဏာသ ပါဠိတော် မာဂဏ္ဍီယသုတ်မှာလို့ မှတ်ရမယ် (မှန်ပါ့)။

၁-နံပါတ်က ဘာတဲ့ (သူတော်ဆည်းကပ်ပါဘုရား) အဲ . . . သူတော်ကောင်းများ ဆည်းကပ်ပါလို့ ဆိုလိုက်တယ်နော် . . . (မှန်ပါ့)။

၂-နံပါတ်က ဘာတဲ့ (မြတ်တရားနာပါဘုရား) တရားကတော့ မနာရင် မဖြစ်ဘူး. . . တဲ့ ဒကာဒကာမတို့ (မှန်ပါ့) ဘယ်နည်းနဲ့မှ တရားမနာရင် မရဘူးဆိုတာ အထင်အရှားပေါ့ဗျာ . . . (မှန်ပါ့)။

www.dhammadownload.com



ဥ-နံပါတ် လျော်စွာအကျင့်ဆိုတာက တရားချည်းနာရုံနာလို့လဲ မပြီးသေးဘူး၊ လျော်စွာကျင့်ပုံကို ခုနင်က သေသေချာချာ ပြောခဲ့တယ် (မှန်ပါ့) လျော်စွာကျင့်ဖို့ကလဲ အရေးမကြီးဘူးလား (ကြီးပါတယ်ဘုရား) ဒီသုံးချက်နဲ့သာ ညီပါစေ မဂ်ဖိုလ် အခွင့်အရေးဟာဖြင့် ကေန်ရပါတယ် (မှန်ပါ့)။

ဒီတော့ ဦးခင်မောင်တို့ ဘယ်နှစ်ချက်လဲ (သုံးချက်တည်းပါဘုရား) ဪ . . . ဒါဖြင့် မဂ်ဖိုလ်ရချင်လို့ရှိရင် သူတော်ဆည်းကပ်ပြီး တရားနာလို့ လျော်အောင်ကျင့်လိုက်လို့ရှိရင် ပြီးကြစတမ်းပဲဆိုတဲ့ဥစ္စာ ဒကာဒကာမတွေ သေသေချာချာ မှတ်ပါတော့ (မှန်ပါ့)။

## ပါဠိတော်ဆိုရင် သံသယမရှိနဲ့တော့

ဒါ . . . ဘယ်သူ့ကို ဟောတာပါလိမ့် (မာဂဏ္ဍီကို ဟောတာပါဘုရား) ဘယ်ပါဠိတော်ပါလိမ့် (မဇ္ဈိမပဏ္ဏာသ ပါဠိတော်ပါဘုရား) ပါဠိတော်ဆိုရင် ဘာမှ သံသယမရှိနဲ့တော့ ကိုယ်တော်တိုင် ဟောတာ (မှန်ပါ့)။

ကိုယ်တော်တိုင် ဟောတာဆိုတော့ ဘုရားက နှစ်ခွန်း မပြောဘူး၊ တစ်ခွန်းနဲ့ အမှန်ပြောတာ (မှန်ပါ့)။

ဒါဖြင့် ဒီသုံးချက်နဲ့ ညီရင် ရနိုင်တယ်လို့ တစ်ခွန်း

www.dhammadownload.com



တည်း မပြောဘူးလား (ပြောပါတယ်ဘုရား) အဲဒါ တို့လုပ်ကြည့်တဲ့အခါ မရဘူးလို့ မအောက်မေ့နဲ့ ရမှာပဲလို့ ဆုံးဖြတ်ချက်ချပါ (မှန်ပါ)။

ဘုရားဟာ နှစ်ခွန်းမပြောဘူး (မှန်ပါ) ဘယ်လိုပြောလေ့ရှိသတုံး (တစ်ခွန်းနဲ့ အမှန်ပြောပါတယ်ဘုရား) . . . အဲဒါဟာ မြတ်စွာဘုရားတို့ ထုံးတမ်းနော် (မှန်ပါ) ဘယ်ဘုရားမဆို ဘယ်လိုပြောလေ့ရှိသတုံး (တစ်ခွန်းနဲ့ အမှန်ပြောလေ့ရှိပါတယ်ဘုရား)။

အဲဒီတော့ အခု ဘုရားက မာဂင်္ဂကို သူတော်ဆည်းကပ်၊ မြတ်တရားနာ၊ လျော်စွာအကျင့်၊ ဒီသုံးချက်သာ ညီပါစေ၊ မဂ်ဖိုလ်ရနိုင်ပါတယ်ဆိုတော့ ဒကာဒကာမတို့ ကိုယ်တော်ကြီး တစ်ခွန်းတည်း အမှန်ပြောထားတယ် (မှန်ပါ) အမှန်ပြောတာကို သံသယရှိရှိနဲ့ မကျင့်လိုက်ပါနဲ့ (မှန်ပါ)။

သံသယရှိရှိနဲ့ မကျင့်ပါနဲ့ ဒကာဒကာမတို့၊ ဆုံးဖြတ်ချက်ချပြီး သကာလ ကျင့်ပါ။ ဩော် . . . ကိုယ်တော်ကြီးပြောခဲ့တဲ့အတိုင်း၊ ဒီသုံးချက်ညီရင်ရမယ်လို့ မာဂင်္ဂကိုသေသေချာချာ ဟောတော့၊ ဒကာဒကာမတွေကလဲ ဘယ်လိုဆုံးဖြတ်ချက်ချရမတုံး ဆိုလို့ရှိရင်၊ ဘုရားအပေါ်မှာလဲ သံသယမရှိနဲ့၊ တရားအပေါ်မှာလဲ သံသယမရှိနဲ့၊ ကိုယ့်အပေါ်မှာလဲ သံသယမရှိနဲ့၊ ကျင့်မြဲသာ ကျင့်ရမှာပဲ (မှန်ပါ)။

www.dhammadownload.com



## ဟုတ်မှဟုတ်ပါ့မလား မလားစေနဲ့

ဒါဖြင့် ဒကာဒကာမတွေကို နှိပ်စက်တာက ရမှရပ့ါ မလားဆိုတော့ ဝိစိကိစ္ဆာ (မှန်ပါ့) အဲဒါကလေးဝင်ပြီး နှိပ်စက်လိမ့်မယ်နော် (မှန်ပါ့) ဘုရားဟောတဲ့အတိုင်း ဆရာဘုန်းကြီးပြောတာလဲ မှန်ပါတယ်၊ ကိုယ့်အခြေအနေက ဟုတ်မှဟုတ်ပါ့မလား၊ ဒါ-မလားစေနဲ့- (မှန်ပါ့)။

ဘယ်လိုများ တွေးတတ်ပါလိမ့် . . . (ကိုယ့်အခြေအနေက ဟုတ်မှဟုတ်ပါ့မလားလို့ သံသယဖြစ်တတ်ပါတယ်) သံသယ ဝိစိကိစ္ဆာ မဖြစ်ဘူးလားဗျာ (ဖြစ်ပါတယ်ဘုရား)။

အဲဒီတော့ ကိုယ့်အခြေအနေက သံသယ ဝိစိကိစ္ဆာဖြစ်တော့ ကိုယ်ကိုယ်တိုင် ဘုရားအပေါ်မှာလဲ မယုံတာသေချာတယ်၊ ဘုရားအပေါ်မှာကော (မယုံတာ သေချာပါတယ်ဘုရား) ကိုယ့်အပေါ် စိတ်မချရတာလဲ (သေချာပါတယ်ဘုရား)။

ဒါဖြင့် သူ့ဟာက ဘယ်သူ့အပေါ်မှ စိတ်ချလက်ချမရှိတဲ့ပုဂ္ဂိုလ် ဘာမှမဖြစ်တော့ဘူး (မှန်လှပါ) ဖြစ်စရာမြင်သေးရဲ့လား (မမြင်ပါဘုရား)။

ဘုရားသခင် ကိုယ်တော်မြတ်ကြီးဟာ ဘယ်လိုပြောလေ့ရှိပါသတုံး (တစ်ခွန်းနဲ့ အမှန်ကိုသာ ပြောပါတယ်

www.dhammadownload.com



ဘုရား) တစ်ခွန်းနဲ့အမှန်ပြောတော့ သူတော်ဆည်းကပ်၊ မြတ်တရားနာ၊ လျော်စွာအကျင့်ဆိုတာ မပြောဘူးလား (ပြောပါတယ်ဘုရား)။

အဲဒီတော့ ဒကာဒကာမတွေ သြော်. . . ဒို့ သူတော်ကောင်းလဲ ဆည်းကပ်နေတယ်၊ တရားလဲနာနေတယ်၊ ဒို့မှာ ဘာလိုနေသေးသတုံးဆိုတော့ လျော်စွာအကျင့်ကလေး လိုလိမ့်မယ်ထင်တယ် (မှန်ပါ့) အဲဒါကလေး ဖြည့်လိုက်ရင် မပြီးသေးဘူးလား (ပြီးပါတယ်ဘုရား)။

ဒါဖြင့်ပြီးမည့်အလုပ်ကလေးကို ဒကာဒကာမတို့ ၁-ကပြည့်ပြီ၊ ၂-ကပြည့်ပြီ၊ ၃-ကလေး ကျန်နေတဲ့ဥစ္စာကိုဖြင့် ဒီဥစ္စာ ကြိုးစားလိုက်ရင် ပြီးသွားမှာပဲ (မှန်ပါ့).

၁-ရယ်၊ ၂-ရယ်၊ ၃-ရယ်ရှိရာတွင် ခင်ဗျားတို့ အတွက်မှာ ဘာကလေး အရေးကြီးနေပါလိမ့် . . . (၃-အရေးကြီးပါတယ်ဘုရား)။

၃-အရေးကလဲ ဘုန်းကြီးပြောတော့ လွယ်ပါတယ်၊ ရုပ်က ဖြစ်ပျက်ဆိုရင် ဉာဏ်က ဘယ်လိုသိရမယ် (ဖြစ်ပျက်လို့ သိရပါမယ်) ဖြစ်ပျက်လို့ ဉာဏ်ကသိပေးရင် ပြီးတာပဲ (မှန်ပါ့) နာမ်က ဖြစ်ပျက်ဆိုရင်ကော (ဉာဏ်ကဖြစ်ပျက်လို့ သိရပါမယ်) ဒီလို သိပေးတော့ မလျော်ဘူးလားဗျာ . . . (လျော်ပါတယ်ဘုရား) ဖြစ်ပျက်ရှိလို့ ဖြစ်ပျက်သိနဲ့ သွားကိုက်တယ် . . . (မှန်ပါ့)။

www.dhammadownload.com



ဘာနဲ့ဘာ သွားကိုက်ပါလိမ့် (ဖြစ်ပျက်ရှိနဲ့ ဖြစ်ပျက်အသိနဲ့ သွားကိုက်ပါတယ်ဘုရား) ကျေနပ်ကြပလား (ကျေနပ်ပါပြီဘုရား)။

ဖြစ်ပျက်ရှိနဲ့ ဖြစ်ပျက်သိတာ ကိုက်လို့ရှိရင်ဖြင့် ဘုရား၏ တပည့်သားဖြစ်တဲ့ ဘုန်းကြီးများကလဲ တာဝန်ယူနိုင်ပါတယ်၊ ဘာမှခင်ဗျားတို့ သံသယမရှိနဲ့၊ ဒုက္ခကေန် သိမ်းမယ် (မှန်ပါ့) ရှင်းကြပလား (ရှင်းပါပြီဘုရား)။

နိဗ္ဗာန်ဟာ ဖြစ်ပျက်သိလို့ရှိရင်ဖြင့် ခင်ဗျားတို့ ဆုတောင်းနေစရာတောင် မလိုဘူး၊ သူ့ဟာသူ ရောက်သွားတာပဲ . . . (မှန်ပါ့)။

## ဖြစ်ပျက်သိရင် ဆုတောင်းမနေနဲ့တော့

နိဗ္ဗာန်ရောက်ဖို့ ဖြစ်ပျက်သာတွေ့လို့ ဖြစ်ပျက်သိတဲ့ ဒကာ ဒကာမတွေဖြင့် ဘာမှ ဆုတောင်းမနေနဲ့တော့ ရောက်မှာပဲ (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဖြစ်ပျက်သိတဲ့ ဒကာဒကာမတွေ (ဘာဆုမှ မတောင်းရပါ ရောက်ပါတယ်ဘုရား) ဖြစ်ပျက်သိရင် ရောက်ရုံရှိတော့တာပဲဗျ၊ ဖြစ်ပျက်သိတာသည် ယထာဘူတ ဉာဏ်ရသွားပြီ . . . (မှန်ပါဘုရား)။

www.dhammadownload.com



ဒီဖြစ်ပျက်လဲ ဆက်ကြည့်တော့ မုန်းမှာပဲ၊ ဒီဖြစ်ပျက်ပဲ နောက်ကို မလိုချင်တာ လာရမှာပဲ (မှန်ပါ့) ဆုတောင်းနေစရာ လိုသေးသလား (မလိုပါဘုရား)။

အဲဒီတော့ ဘုရားဟောတာနဲ့ ဘုန်းကြီးတို့ နဂိုစီစဉ်ထားတာနဲ့ ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မုန်း၊ ဖြစ်ပျက်ဆုံးအောင် ကြည့်ရင် ရမယ်ဆိုတာနဲ့လဲ ဒကာဒကာမတွေ အခု မာဂင်္ဂကို ဘုရားဟောတာနဲ့တော့ တစ်ထပ်တည်းပဲ (မှန်ပါ့) တစ်ထပ်တည်း မကျဘူးလား (ကျပါတယ်ဘုရား)။

အဲဒီတော့ ဒကာဒကာမတို့မှာ ဘုန်းကြီး စိုးရိမ်တဲ့ အချက်ကော သိပလား (သိပါပြီဘုရား) ငါက နေရာမှ ကျပ့်မလား (မှန်ပါ့) ဒါကလေးတစ်ခု စိုးရိမ်ရတယ် (မှန်ပါ့)။

ငါက နေရာမှ ကျပ့်မလားဆိုတဲ့ ဒကာဒကာမတွေ ဖြစ်ပျက်ကို တွေ့နေတဲ့ပုဂ္ဂိုလ်ဟာ၊ ငါနေရာ ကျပ့်မလားလို့ မဆိုပါနဲ့လို့ မနေ့က ဆုံးဖြတ်ချက် ချလိုက်တယ် . . . (မှန်ပါ့)။

## ဖြစ်ပျက်တွေ့ရင်၊ တိဟိတ်လို့ ဆုံးဖြတ်

ဖြစ်ပျက်တွေ့လို့ရှိရင်ဖြင့် တိဟိတ်ပဲလို့ ဆုံးဖြတ်ချက်ချရင်ရပြီ (မှန်ပါ့) ဖြစ်ပျက်တွေ တိဟိတ်မို့ တွေ့တာ (မှန်ပါ့)

www.dhammadownload.com



တခြားသော ပုဂ္ဂိုလ်ဖြစ်ရင် တွေ့ကိုမတွေ့နိုင်ဘူး (မှန်ပါ့) သဘောပါကြပလား (ပါပါပြီဘုရား)။

ဒါဖြင့် အခု တရားနာလာကြတဲ့ ဒကာဒကာမ တွေဟာ၊ ဩော် . . . နိဗ္ဗာန်ရောက်ချင်လို့ရှိရင် ဒီသုံးချက် တည်းပါကလား သူတော်ဆည်းကပ်၊ မြတ်တရားနာ၊ လျော်စွာအကျင့်၊ ဟုတ်ပလား (မှန်ပါ့) ။

မဂ်ဖိုလ်အခွင့်၊ ရလင့်ကေန်သာဆိုတဲ့ဥစ္စာ ကတော့ လက်ာပီအောင်လို့သာ ထည့်တာဦးခင်မောင်ရေ ဒီသုံးချက် ပါပဲ (မှန်ပါ့) ကျေနပ်ကြပလား (ကျေနပ်ပြီဘုရား)။

၁-အချက်က ဘာပါလိမ့် (သူတော်ဆည်းကပ်ပါ ဘုရား) အဲ . . . သူတော်ကောင်းဆီကို ဆည်းကပ်ပါ၊ သူ့ဆီမှာ တရားထူးကရှိတာ၊ သူ့မကပ်ရင်လဲမဖြစ်ပေဘူး - (မှန်ပါ့) ကပ်သာကပ်နေတယ်၊ ကိုယ်ကတရားတော့မနာဘူး၊ ဝေယျာဝစ္စကိုသာပြု နေတာဆိုရင်လဲ မဟုတ်သေးဘူး ဒီဥစ္စာ (မှန်ပါ့)။

ဘာလုပ်ရဦးမတုံး (မြတ်တရား နာရပါဦးမယ်) မြတ် တရားနာဆိုတာက မဂ်ရောက်ကြောင်း၊ ဖိုလ်ရောက်ကြောင်း သစ္စာတရားကိုနာရမယ် (မှန်ပါ့) ဒီပြင်သစ္စာ မဆိုက်တဲ့ တရားလဲမဟုတ်သေးဘူးနော် . . . (မှန်ပါ့)။

www.dhammadownload.com



ဝိပဿနာအလုပ်တရားကို ဆိုလိုရင်းပါပဲ (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

## ဒါန၊ သီလကဝေးသောအကြောင်း

အလုပ်တရားကိုနာရမှ (မှန်ပါ့ဘုရား) ဒီပြင်ဒါန ကထာ၊ သီလကထာတွေမျှကိုသာ နာနေရလို့ရှိရင်လဲ ဝေးသောအကြောင်းဖြစ်နေတယ် (မှန်ပါ့) နီးနိုင်ပါ့မလား (မနီးသေးပါဘုရား)။

မနီးသေးဘူးတဲ့ ဒကာဒကာမတို့၊ ဒီတရားကတော့ ဖြင့် အခြေပြုတဲ့ တရားပဲရှိတယ် . . . (မှန်ပါ့) ပြီးဆုံးတဲ့ တရားလို့ တိုက်ရိုက်ဆိုလို့မရသေးဘူး (မှန်ပါ့) အခြေပြု တရားနဲ့ တင်းတိမ်ရောင့်ရဲပြီးသကာလ မနေရပဲနဲ့၊ ပြီးဆုံး အောင် ပို့နိုင်တဲ့ တရားကိုလဲ နာရလိမ့်မယ် (မှန်လှပါဘုရား)။

ဦးဘအုန်း ကျေနပ်ပလား (ကျေနပ်ပါပြီဘုရား) တရားနာနည်းကိုလဲ ခင်ဗျားတို့ကို ဘုန်းကြီးသင်ပေးထား တာလဲ ရှင်းနေပါပြီ (မှန်ပါ့) မရှင်းဘူးလား . . . (ရှင်းပါပြီ ဘုရား)။

## ပဋိစ္စသမုပ္ပါဒ်ပြတ်တဲ့တရားနာပါ

ဘယ်တရားကို ခင်ဗျားတို့သည် အရေးတကြီး အလိုရှိအပ်တဲ့တရားလဲဆိုတာကို၊ ခင်ဗျားတို့ကို တစ်နေ့က

www.dhammadownload.com



တရားနာတော့ ဘုန်းကြီးချိန်ခွင်ကလေး မပေးဘူးလား (ပေးပါတယ်ဘုရား) ဘယ်လိုပေးထားသတုံး (ပဋိစ္စသမုပ္ပါဒ် ဖြတ်တဲ့တရား ဖြစ်ရပါ့မယ်ဘုရား)။

အေး . . . ဆက်တဲ့တရားဆိုရင် မဟုတ်သေးဘူး (မှန်ပါ့) ဆက်တဲ့တရားဆိုရင် (မဟုတ်သေးပါဘုရား) အဲဒီတော့ တရားနာနည်းလဲ ခင်ဗျားတို့ကို ဆရာဘုန်းကြီးက ပြသထားတဲ့အတွက်၊ မြတ်တရားဆိုပေမယ့် ဩော် . . . ပြတ်တဲ့တရားနာမှပါကလား (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဘယ်တရားနာရမလဲ (ပြတ်တဲ့တရား နာရပါ့မယ်ဘုရား) ပြတ်တဲ့တရားဆိုတော့ ဒကာဒကာမတို့၊ ရှင်းရှင်းလင်းလင်းနဲ့ ပြောရလို့ရှိရင်ဖြင့်၊ ရုပ်,နာမ်က ရှေ့ပိုင်းက ဘယ်လိုပြလေ့ရှိသလဲ (ဖြစ်ပျက်ကိုပြပါတယ်) ရုပ်နာမ်ကဖြင့် ပေ့ အနိစ္စချည်းပြတာပဲ၊ ဟောတဲ့ ဘုန်းကြီးကဟောပြီ၊ ဒီတရားမျိုးကို နာရမယ် (မှန်ပါ့)။

ဒီတရားမျိုးနာတော့ ခင်ဗျားတို့က ဘယ်လိုလုပ်ရမတုံးဆိုတော့၊ ဟောတဲ့ဆရာသမားကတော့ ရုပ်နာမ်ကတော့ အနိစ္စချည်းပဲ၊ ဒုက္ခသစ္စာချည်းပဲ ဟောလို့ရှိရင်၊ ဒါဟာ ပဋိစ္စသမုပ္ပါဒ် ပြတ်တဲ့တရားအမှန်ပဲ (မှန်ပါ့) မပြတ်ဘူးလား (ပြတ်ပါတယ်ဘုရား)။

www.dhammadownload.com



ပြီးတော့ ခင်ဗျားတို့က ဒီတရားနာရုံနဲ့ မပြီးတော့ကို ၃-နံပါတ်က ဘာတဲ့တုံး (လျော်စွာကျင့်ရပါ့မယ်) အေး . . . လျော်စွာအကျင့်ဆိုတော့ ဒီကဖြစ်ပျက်ဆိုရင် ဉာဏ်က . . . (ဖြစ်ပျက်လို့ သိရပါ့မယ်ဘုရား) ဖြစ်ပျက်ကိုမြင်ရမယ် . . . (မှန်ပါ့) မြင်ရင်ပဲ ခင်ဗျားတို့က မဂ္ဂင်ငါးပါးနဲ့ မြင်တာဗျ (မှန်ပါ့)။

## ဖြစ်ပျက်မြင်ရင် ဘာပါလိမ့်

မြင်ရင် ဘာပါလိမ့် (မဂ္ဂင်ငါးပါးနဲ့ မြင်တာပါ) ဒါဖြင့် မဂ်ရမှ ရပါ့မလားဆိုဖို့ လိုသေးသလား (မလိုပါဘုရား) မြင်တာကိုက ဘာဖြစ်နေသတုံး (မဂ္ဂင်ငါးပါး ဖြစ်နေပါတယ်) မြင်တာကိုက မဂ္ဂင်ဖြစ်နေတော့ ဦးဘတင် သံသယရှိဖို့ လိုသေးသလား (မလိုပါဘုရား) လျော်စွာအကျင့် ဆိုကတည်း ကိုက အကျင့်ဆိုတာက ဒါက လျော်စွာ၊ ဒါက ကျင့်တာ (မှန်ပါ့ ဘုရား)။

ဒီဘက်က (လျော်စွာပါ) ဒါနဲ့ လျော်အောင်၊ ဒါက ဘာလုပ်ရမလဲ (ကျင့်ရပါမယ်ဘုရား) ကျင့်တဲ့အခါကျတော့ ကျင့်တဲ့တရားဟာ ဘယ်နှစ်ပါးတုံးမေးလိုက်ရင် (ငါးပါးပါ ဘုရား) ဒီကတည်းက ငါးပါးဟာ မဂ္ဂင်ပဲ မဟုတ်လား (မှန်လှ ပါဘုရား)။

www.dhammadownload.com



ဒါဖြင့် ခင်ဗျားတို့ကျင့်နေရင်းမတ္တနဲ့ မဂ္ဂင်တောင် ဆိုက်နေတဲ့ ဒကာဒကာမတွေ ဖြစ်နေတော့ ဒကာဒကာမ တွေ ရထားတဲ့သံပေါက်နဲ့ သွားကိုက်တယ် (မှန်ပါ့)။

## ဗုဒ္ဓဘာဂမက်ရနေတာ

လျှော်စွာအကျင့်မဂ်ဖိုလ်က အခွင့်ဆိုတော့ ဒါဟာ မဂ်ဖိုလ်တွေပဲ. . . (မှန်ပါ့ဘုရား) ရလင့်ကေနံသာဆိုတာက လုပ်နေကတည်းက ပုဗ္ဗဘာဂမဂ်ကို ရနေတာ (မှန်ပါ့) ဦးဘတင် ဆုတောင်းနေရသေးသလား (မတောင်းရပါ ဘုရား) ရနေတဲ့ပုဂ္ဂိုလ်က ဆုတောင်းနေသေးလို့ရှိရင်ဖြင့် ဒီပုဂ္ဂိုလ်ဟာလဲ ရတာကို ရမှန်းမသိလို့ တောင်းတာပဲ (မှန်ပါ့)။

ဘယ်နှယ့်ဆိုကြမလဲ (ရတာကိုရမှန်းမသိလို့ တောင်း တာပါဘုရား) အဲ . . . ရမှန်းမသိလို့ သူကတောင်းတာ (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဘယ်လိုပုဂ္ဂိုလ်က တောင်းတာပါလိမ့် . . . (ရမှန်း မသိတဲ့ ပုဂ္ဂိုလ်က တောင်းတာပါ) ရမှန်းမသိတဲ့ပုဂ္ဂိုလ်က တောင်းတာဆိုတာသည် အလုပ်မလုပ်တဲ့ပုဂ္ဂိုလ်က တောင်း တာ . . . (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဘယ်သူကတောင်းတာပါလိမ့် (အလုပ်မလုပ်တဲ့ ပုဂ္ဂိုလ်က တောင်းတာပါဘုရား) အလုပ်မလုပ်တဲ့ပုဂ္ဂိုလ်က

www.dhammadownload.com



တောင်းလို့ရှိရင် ဘယ်ပုဂ္ဂိုလ်ထဲသွင်းမတုံး (ရမှန်းမသိတဲ့ ပုဂ္ဂိုလ်ထဲ သွင်းရပါမယ်ဘုရား)။

ဘာဖြစ်လို့တုံးဆိုတော့ သူ့မှာရနေပါလျက်သားနဲ့ ထပ်တောင်းနေတယ် . . . (မှန်ပါ့) သူ့မှာရတာက ဘယ်နှစ်ပါးရသတုံး (ငါးပါးရပါတယ်ဘုရား) ငါးပါးရနေတဲ့ အထဲကနေပြီး တပည့်တော်မဂ်ရ, ရပါလို၏၊ ဖိုလ်ရ, ရပါလို၏ . . . လို့ တောင်းဖို့မလိုပါဘူး အလုပ်သာဆက်လက်ပြီး လုပ်ဖို့ရှိတော့တာပဲ . . . (မှန်ပါ့)။

## မဂ်စစ်ပေါ်အောင်သာ ဂရုစိုက်လုပ်

ဦးခင်မောင်တို့ အလုပ်, လုပ်ရင်းမဂ်ဖိုလ်ရ, ရပါလို၏ လို့ ဆုတောင်းကြဖူးသေးသလား (မတောင်းရပါဘုရား) တောင်းမနေနဲ့တော့ မဂ်စစ်ပေါ်အောင်သာ ဂရုစိုက်လုပ် (မှန်ပါ့) သဘောပါလား (ပါ,ပါပြီဘုရား)။

အလုပ်မလုပ်တဲ့ ပုဂ္ဂိုလ်က တောင်းတာကျတော့လဲ ဒကာဒကာမတို့ သူမရသေးလို့ တောင်းတာ (မှန်ပါ့) မရသေးလို့တောင်းပေမယ့်လဲ ဒါက တောင်းလို့ရတဲ့ ပစ္စည်းလား၊ လုပ်ယူမှရတဲ့ ပစ္စည်းလား၊ ဝေဖန်ဦး (လုပ်ယူလို့လဲ ဦးခင်မောင် ဒီဥစ္စာ လူသိရုံပဲရှိမယ် (မှန်ပါ့) နို့ ခင်ဗျားတို့က

www.dhammadownload.com



လူသိအောင် ကျယ်ကျယ်ကလေး တောင်းယူသလား (တောင်းပါတယ်ဘုရား)။

## လုပ်ယူမှရတဲ့ ပစ္စည်းတောင်းမယူပါနဲ့

ဒါဖြင့် ဒကာဒကာမတို့ ဘယ်လိုဆုံးဖြတ်ချက်ချကြမတုံးလို့ မေးလို့ရှိရင် လုပ်ယူမှရတဲ့ ပစ္စည်းကို တောင်းမယူပါနဲ့ လုပ်ယူပါလို့ သတိပေးလိုက်တယ် (မှန်ပါ့)။

ဘယ်လို သတိပေးပါလိမ့် (လုပ်ယူမှ ရတဲ့ပစ္စည်းကို တောင်းမယူချင်ပါနဲ့တော့) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါကြောင့် ဘုန်းကြီးတို့ ဦးခင်မောင်တို့ကို ခဏခဏ မပြောဘူးလား၊ တောင်းယူတဲ့ပစ္စည်းဟာ လူ့ပြည်၊ နတ်ပြည် ဘဝသမ္ပတ္တိတွေပေါ့ . . . (မှန်ပါ့) မပြောဘူးလား (ပြောပါတယ်ဘုရား)။

## လုပ်ယူရမှာက ဖြဟ္မာ့ပြည်နဲ့ နိဗ္ဗာန်

လုပ်ယူရမှာက ဗြဟ္မာ့ပြည်နဲ့ နိဗ္ဗာန် (မှန်ပါ့) ဗြဟ္မာ့ပြည်ဆိုတော့လဲ သမထတော့ လုပ်ရဦးမှာ (မှန်ပါ့) နိဗ္ဗာန်ဆိုတော့ ဝိပဿနာ လုပ်ရမယ် မလုပ်ရပေဘူးလား (မှန်ပါ့ လုပ်ရပါတယ်) အဲဒါ ခွဲခြားမသိဘဲနဲ့ တတောင်းတည်း တောင်းရုံတောင်းနေတော့ နားပူရုံပဲရှိမှာပဲ (မှန်ပါ့)။

www.dhammadownload.com



ခင်ဗျားတို့က ဘုရားပုထိုးကို သွားတိုင်း သွားတိုင်း တောင်းလေ့ရှိကြသလား (ရှိပါတယ်ဘုရား) တောင်းရုံနဲ့ ရမည့်ပစ္စည်းဖြင့် တောင်းယူကြပေါ့ဗျာ (မှန်ပါ့) လုပ်ယူရမည့် ပစ္စည်း တောင်းယူလို့ဖြင့် မရနိုင်တဲ့ဥစ္စာ လေကုန်ရုံ ရှိမှာပေါ့ (မှန်ပါ့) မဆိုထိုက်ဘူးလား (ဆိုထိုက်ပါတယ် ဘုရား)။

ကိုင်း . . . ဒါဖြင့် ဒကာဒကာမတွေ သူတော်ဆည်းကပ်ဆိုတာ ၁-နံပါတ်၊ မြတ်တရားနာက (၂-နံပါတ်ပါ ဘုရား) လျော်စွာအကျင့်က (၃-နံပါတ်ပါ) အရေးအကြီးဆုံး ဘယ်ဟာတုံး (၃-နံပါတ်ပါဘုရား)။

## လျော်စွာကျင့်ရမယ်

၃-နံပါတ်သည် ဒကာဒကာမတို့ အလွန်အရေးကြီးတယ်လို့ မှတ်ကြပါ (မှန်ပါ့) လျော်စွာအကျင့်ဆိုတာ ခင်ဗျားတို့ မဂ်မရသေးတဲ့ ပုဂ္ဂိုလ်ဟာ ဘာဖြစ်လို့ မရသေးတာတုံးလို့ မေးလို့ရှိရင်ဖြင့် မလျော်သေးလို့သာ မှတ်ပါ (မှန်ပါ့)။

ဦးဘတင် ဘယ်လို ဆုံးဖြတ်ချက်ချမလဲ (မလျော်သေးလို့ မဂ်မရသေးတာပါဘုရား) လျော်စွာကျင့်ရမှာကို ဘယ့်နှယ်ဖြစ်နေသတုံး (မလျော်စွာ ကျင့်နေပါတယ်ဘုရား)။

ဩော် . . . ဒါဖြင့် ဒကာဒကာမတို့ ဖြစ်ပျက်နဲ့ မဂ်နဲ့ မတည့်ဘူး (မှန်ပါ့) ဒါဖြင့် လျော်ပါ့မလား (မလျော်ပါ

www.dhammadownload.com



ဘုရား) အဲ . . . ဖြစ်ပျက်နဲ့မဂ်နဲ့ တည့်လို့ရှိရင်ဖြင့် ဒကာ ဒကာမတွေ ဒီကဘာတုံး (မဂ်ပါဘုရား) ဒီလိုတည့်နေရင် လျော်တာပဲ (မှန်ပါ့) ရှင်းပလား(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဖြစ်ပျက်နဲ့မဂ်နဲ့ လျော်ဖို့အရေးဟာ ဒကာ ဒကာမတို့ကိုယ်တိုင် လုပ်ရမည့်အရေး (မှန်ပါ့) ကျေနပ်ကြ ရဲ့လား (ကျေနပ်ပါတယ်ဘုရား)။

ဦးဘအုန်းရေ . . . ဒီနေ့ပြောတဲ့ဥစ္စာ လိုရင်းတွေ နော် . . . (မှန်ပါ့) လိုရင်းတွေ၊ လိုရင်းတွေ ဒကာဒကာမတွေ သတိထားကြပါ။

## ဒုက္ခကို လက်စသတ်ပေးနေတာ

ဒီ အခုပြောနေတဲ့ နာရီပိုင်းကလေးမှာ ဩော် . . . ဒါဟာ ဆရာသမားက ဘာတွေများ ဆုံးဖြတ်ချက် ချနေပါ လိမ့်မတုံး၊ ခင်ဗျားတို့၏ ဒုက္ခကို လက်စသတ်ပေးနေတာလို့ လဲ ဆုံးဖြတ်ချက်ချ (မှန်ပါ့)။

ဘယ့်နှယ်ဆိုကြမလဲ (ဒုက္ခ လက်စသတ်ပေးနေတာပါ ဘုရား) ဟာ-ဒါဖြင့် အလွန်အရေးကြီးတာပေါ့ ဘုရားလို့ ခင်ဗျားတို့ ဝန်ခံဖို့ကောင်းတယ် (မှန်ပါ့)။

ကိုင်း . . . ဒုက္ခလက်စသတ်ပေးနေတယ်ဆိုတော့ ခင်ဗျားတို့က အပြောဖြစ်နေမှာလဲ စိုးရတယ် (မှန်ပါ့) သတ်တယ် မသတ်တယ် ရှင်းပြမယ်ပေါ့ဗျာ (မှန်ပါ့)။

www.dhammadownload.com



ဒုက္ခလက်စသတ်ပေးနေတယ်ဆိုတာ ဦးခင်မောင် ယုံကြည်ပလား (ယုံကြည်ပါပြီဘုရား) ဖြစ်ပျက်နဲ့မဂ်နဲ့ ကိုက်နေ တဲ့ အခါကျလို့ရှိရင်ဖြင့် ဒကာဒကာမတို့ ဖြစ်ပျက်ကို မသိတဲ့ အဝိဇ္ဇာလာသေးရဲ့လား (မလာပါဘုရား)။

အဝိဇ္ဇာမလာတော့ဘူး ဒကာဒကာမတို့ အဝိဇ္ဇာ မလာတော့ သူ့နောက်က သင်္ခါရကော (မလာပါဘုရား) သူ့ နောက်က ပဋိစ္စသမုပ္ပါဒ် ဒုက္ခကွန္ဓသကျအောင် (မလာပါ ဘုရား)။

ဘာဖြစ်သွားတာတုံး (ချုပ်သွားတာပါဘုရား) ချုပ် သွားတော့ ဩော် . . . ဒါဟာ သံသရာစခန်းသတ်တာပဲ (မှန်ပါ့) အဝိဇ္ဇာက သံသရာအစကိုးဗျ၊ (မှန်ပါ) ဒုက္ခကွန္ဓသ အဆုံး (မှန်ပါ့) ပဋိစ္စသမုပ္ပါဒ်ကြီး ပေါ်လာသေးရဲ့လား (မပေါ်လာပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ခန္ဓာအသစ်အကုန်ဖြစ်တာပဲ (မှန်ပါ့) ခန္ဓာအဟောင်း အကြောင်းတရားတွေ ချုပ်သွား တယ် . . . (မှန်ပါ့) ခန္ဓာအသစ်ဆိုတာ အကျိုးတရား ဖြစ်တယ် (မှန်ပါ့)။

ခန္ဓာအဟောင်းထဲမှာရှိတဲ့ အကြောင်းတရားတွေလဲ ချုပ်တယ်။ ခန္ဓာသစ် လာမည့်အကျိုးတရားကော (ချုပ်ပါ တယ်ဘုရား)။

www.dhammadownload.com



ဒါနှစ်လုံးကိုလဲ ဦးဘတင် အရေးကြီးစွာ မှတ်ရမယ် . . . (မှန်ပါ့) မဂ်လိုက်တာ ခန္ဓာသစ်အကြောင်းလဲ ချုပ်တယ်၊ ခန္ဓာသစ်ကို ဖြစ်စေမည့် အကြောင်းလဲ (ချုပ်ပါတယ်) ခန္ဓာသစ်ကို ဖြစ်စေမည့်အကြောင်း ချုပ်ခြင်းကြောင့် ဒကာ ဒကာမတို့ ခန္ဓာသစ် မလာတော့ဘူး (မှန်ပါ့) လာပါ့မလား (မလာပါဘုရား)။

ဒါဖြင့် ခန္ဓာသစ်အကြောင်းလဲ ဦးဘတင် ဘာဖြစ်သွားသတုံး (ချုပ်သွားပါတယ်) လာမည့်ခန္ဓာအသစ် နောက်ထပ်တစ်ခုကော (ချုပ်ပါတယ်ဘုရား) အကြောင်းချုပ်တော့ အကျိုးက ဘယ့်နှယ်တုံး (ချုပ်ပါတယ်ဘုရား)။

## မဂ်ဆိုတာ သမ္မာဒိဋ္ဌိ

အကြောင်းချုပ်တော့ အကျိုးချုပ်တယ်ဆိုတော့ စဉ်းစားပါ. . . တဲ့၊ သေသေချာချာ ချင့်ဗျားတို့ စဉ်းစားရင် ပေါ်ပါတယ်၊ ဒီနာမ်ကလေးက ဖြစ်ပျက်၊ ဒီကနေပြီး ဖြစ်ပျက်ကို လျှော်အောင် ကျင့်လိုက်တော့ လျှော်တာကမဂ် (မှန်ပါ့) မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား)။

မဂ်ဆိုတော့ သမ္မာဒိဋ္ဌိ ဒီထဲမှာ ပါမနေဘူးလား (ပါနေပါတယ်ဘုရား) သမ္မာဒိဋ္ဌိ ဆိုတော့ ဝိဇ္ဇာလား အဝိဇ္ဇာလား (ဝိဇ္ဇာပါဘုရား) ဝိဇ္ဇာဖြစ်သောကြောင့် အဝိဇ္ဇာက

www.dhammadownload.com



ချုပ်တယ် (မှန်ပါ့) ဒီဘက် လာလတ္တံ့ ဝိညာဏ်တွေက (ချုပ်ပါတယ်ဘုရား)။

## ပဋိသန္ဓေဝိညာဏ်တွေချုပ်တယ်

ကဲ-ပဋိသန္ဓေဝိညာဏ်တွေ ချုပ်ပါတယ်ဆိုတော့ ဦးဘတင်တို့၊ ဦးခင်မောင်တို့က စဉ်းစား၊ အကြောင်းနှစ်ခု ချုပ်လို့ အကျိုးတစ်ခုက ဒီဘက်လာသေးရဲ့လား (မလာပါဘုရား)။

အဝိဇ္ဇာနဲ့ သင်္ခါရ အကြောင်းနှစ်ခု (မှန်ပါ့) ဝိညာဏ်က (အကျိုးတစ်ခုပါဘုရား) ဝိညာဏ်မှမလာဘဲနဲ့ ဟိုဘက်ကနာမ်ရုပ်တွေက အမြစ်ပေါက်စရာ ရှိသေးရဲ့လား (မရှိပါဘုရား) ကျေနပ်ပလား (ကျေနပ်ပါပြီဘုရား)။

ဒါဖြင့် လျှော်စွာကျင့်တဲ့အလုပ်သည် သံသရာစခန်းသတ်ပါလား (မှန်ပါ့) ဒါဟာ သံသရာအစလဲ ပျောက်ကရော (မှန်ပါ) ဒီဘက်သံသရာကြီးထဲမှာ အရှက်တကွဲ အကျိုးနည်းဖြစ်ရမှာကြီး လာမှာကော (မလာတော့ပါဘုရား) ဘာဖြစ်လို့တုံး၊ ဒီအကြောင်းနှစ်ခု ချုပ်လို့ (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

www.dhammadownload.com



# ဒါလောက်သိရင်သေပျော်ပြီ

ဦးခင်မောင် ဒါလောက်သိရင်လဲ သေပျော်ပြီဗျ . . . (မှန်ပါ့) လျှော်စွာအကျင့် တစ်လုံးသည် သိပ်မှန်ပါကလား . . . (မှန်ပါ့) ဒီကဖြတ်ဆိုရင် ဒီက ဘယ်လိုသိရမလဲ (မဂ်ဝင်ရ ပါ့မယ်) ဖြစ်ပျက်လို့ပဲ သိရမယ် (မှန်ပါ့) အဲဒီလို သိတာ ဘာခေါ်ကြမလဲ (လျှော့စွာကျင့်ပါတယ်) ဒါဖြင့် မလျှော်ဘူးလား (လျှော်ပါတယ်ဘုရား)။

ဒီကဖြစ်ပျက်နဲ့ဒီက အသိကလည်း ဖြစ်ပျက်လို့သိ ပေး ဉာဏ်က (မှန်ပါ့) မလျှော်ဘူးလား (လျှော်ပါတယ်) လျှော်ရင်ဖြင့် မဂ်ဖြစ်ပြီ၊ မဂ်ဖြစ်ရင်ဖြင့် အဝိဇ္ဇာလား ဝိဇ္ဇာလား (ဝိဇ္ဇာပါဘုရား)။

ဝိဇ္ဇာလာတော့ အဝိဇ္ဇာက ချုပ်ရမယ် (မှန်ပါ့) အဝိဇ္ဇာ ချုပ်တော့ သင်္ခါရက (ချုပ်ရပါ့မယ်) ချုပ်တော့ အကြောင်း နှစ်ခုက ချုပ်တယ် (မှန်ပါ့) ဒီဘက်က ပဋိသန္ဓေ ဝိညာဏ် လာသေးရဲ့လား (မလာပါဘုရား) မလာတော့ အကျိုးလဲ ချုပ်ပြန်တာပဲ (မှန်ပါ)။

ဒါဖြင့် သံသရာစခန်း သတ်-မသတ် . . . (သတ်ပါ တယ်ဘုရား) သံသရာ့အကျိုးကော (သတ်ပါတယ်ဘုရား)။

ဩော် . . . ဒါဖြင့် လျှော်စွာအကျင့်ဆိုတဲ့တစ်လုံး သည်ကားလို့ ဆိုရင်ဖြင့် ဒိဋ္ဌဓမ္မနိဗ္ဗာန်ရတဲ့ တရားပါလား

www.dhammadownload.com



(မှန်ပါ) ဦးဘတင် ဘယ့်နှယ်ဆိုမလဲ (ဒိဋ္ဌဓမ္မ နိဗ္ဗာန်ရတဲ့ တရားပါဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ကျင့်ကြည့်ပါ။ တစ်ခါကျင့်ရင် သံသရာကိုဆက်မည့် နှစ်ခုပြတ်တယ်. . . (မှန်ပါ)၊ နှစ်ခါကျင့်ရင်လည်း နှစ်ခါ ပြတ်တာပဲ. . . (မှန်ပါ)၊ သုံးခါကျင့်ရင်လည်း. . . (သုံးခါပြတ် ပါတယ်)။ နောက်မဂ္ဂင်ရှစ်ပါး ပြည့်သွားတဲ့အခါ လုံးလုံးပြတ် တယ်. . . (မှန်ပါ)၊ မပြတ်ပေဘူးလား. . . (ပြတ်ပါတယ် ဘုရား)။

ဒါဖြင့် အားလုံး ဒကာ ဒကာမတွေ လုပ်ထိုက် မလုပ် ထိုက်. . . (လုပ်ထိုက်ပါတယ်ဘုရား)၊ အဲဒီတော့ လုပ်ထိုက် တာကလေးကို ဒကာ ဒကာမတွေသည် ထမင်းမစားရတာ အရေးမကြီးဘူး လုပ်ထိုက်တာကို မလုပ်ဖြစ်မှာ အရေးကြီး တယ်. . . (မှန်လှပါ)။

ဘာဖြစ်လို့တုံး ထမင်းမစားရတော့ ထမင်းက စားဖူး ပါပြီလို့ပြောလိုက် ဟုတ်လား. . . (မှန်ပါ)။ ဘယ်လောက် စားဖူးပြီးတုံးမေးမယ်. . . (မရေမတွက်နိုင်ပါဘုရား)၊ အဲဒါကျ တော့ ထမင်းမချက်ရသေးလို့ လုပ်မနေပါနဲ့. . . (မှန်ပါ)၊ စားဖူးတာကြီးကို ခင်ဗျားတို့က အသားယူပြီး ပြောမနေပါနဲ့ . . . (မှန်ပါဘုရား)။

www.dhammadownload.com



ညည့်သည်ကို ယိုးမယ်ဖွဲ့ပြီး ညည့်သည်ကြောင့်လို့လည်း ပရိယာယ်မရှာပါနဲ့. . . (မှန်ပါ)၊ ကိုယ်ကတော့ မစားဘဲလုပ်မယ်ဆိုလုပ်နိုင်တယ်၊ ညည့်သည်က ရောက်နေလို့ ဒီလိုလည်း ဆင်ခြေမလဲနဲ့. . . (မှန်ပါ)၊ ထမင်းအတွက် ဆင်ခြေကအလွန်ပေါ့ဗျ၊ ကိုယ်စားချင်တာလည်း ညည့်သည်နဲ့ပြောချင်ပြော. . . (မှန်ပါဘုရား)။

တစ်မျိုးက ကလေးလိုလွှဲချလို့ချ၊ ဒီလိုကောမနေဘူးလား. . . (နေပါတယ်)၊ အဲဒီလို ဆင်ခြေတွေချနေလိုက်ခြင်းကြောင့် သံသရာဆက်နေပါတယ်. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းဗျါတယ်ဘုရား)။

## ဈေးထူသရွေ့ဟာ ဒုက္ခရောက်ဖို့သာမှတ်

အဲ. . . ခင်ဗျားတို့ ဈေးထူသရွေ့ဟာဖြင့် ဒုက္ခရောက်ဖို့ချည်းသာမှတ်ပေတော့. . . (မှန်ပါ)၊ ကဲ. . ဈေးထူတာများ ကောင်းသေးရဲ့လား. . . (မကောင်းပါဘုရား)၊ မကောင်းလည်း ခင်ဗျားတို့က ဈေးကလေးဆေးပါဆိုရင် . . (မဆေးချင်ပါ)၊ အတော်ခက်နေပါကလား. . (မှန်ပါဘုရား)။

ဒကာ ဒကာမတွေ အသက်အရွယ်ကြီးတော့ ဈေးမဆေးချင်ဆိုတဲ့ဥစ္စာ အသက်အရွယ်ကြီးတော့ ဘာဝတ်ပေးပေး မထူးပါဘူး၊ ရေမချိုးချင်ဘူး၊ ဘာဝတ်ဝတ် တော်ရော

www.dhammadownload.com



ပေ့ါ။ အကုန်တော်အောင်ချည်း ဖြစ်သွားတယ်. . .(မှန်ပါ့)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

ယယ်ယယ်တုန်းကတော့ သင့်သလိုနေခဲ့တယ်၊ ကြီးတော့. . .(တော်အောင်ဖြစ်သွားပါတယ်)၊ ယယ်ယယ်တုန်းက သင့်သလိုယယ်ယယ်တုန်းကလည်း မဟာန်ဘူး. . . (မှန်ပါ့)၊ ကြီးတော့ တော်အောင်နေတော့ကော. . . (မဟာန်ပါဘူး)၊ အရွယ်သုံးပါး ဘယ်အချိန်ဟာန်ခဲ့သတုံးမေးရင်. . . (ဘယ်အချိန်မှ မဟာန်ခဲ့ပါဘုရား)။

ဩော်- ဘယ်အချိန်မှမဟာန်ခဲ့လို့ရှိရင်ဖြင့် နောက်ဘယ်လိုများတို့ဖြစ်မှာတုံးလို့ တွေးစရာလိုသေးသလား. . . (မလိုပါဘုရား)၊ ကဲ. . ဦးခင်မောင်ရေ မြတ်တရားနာလျှော်စွာအကျင့်ဆိုတဲ့ သံသရာပြတ်တဲ့ သံပေါက်ကလေးပဲဆိုတာ ကျေနပ်ပလား. . . (ကျေနပ်ပါပြီဘုရား)။

ဒါဖြင့် အားလုံး ဒကာ ဒကာမတွေ တို့ မဂ်မရ, ဖိုလ်မရဖြစ်နေတာဘာတုံးဆိုတဲ့ လက်သည်ပေါ်လာပြီ. . . (ပေါ်ပါပြီ)၊ သူတော်လည်းမဆည်းကပ်ခဲ့ဘူး၊ ဒါလည်း ချို့ချင်ချို့မယ်. . . (ချို့မှာပါဘုရား)၊ မြတ်တရားနာဆိုတဲ့ တရားကတော့. . . (ချို့ပါတယ်ဘုရား)၊ ချို့ချင်ချို့မယ်၊ နောက်ဆုံးပိတ် ၃-နံပါတ်ကျတော့ ချို့မယ်ပဲဆိုတော့. . . (မှန်ပါ)၊ အားကြီးချို့တဲ့ဥစ္စာက ဘာပါလိမ့်. . (လျှော်စွာအကျင့်ပါဘုရား)။

www.dhammadownload.com



လျော်စွာအကျင့်ဆိုတဲ့ဥစ္စာက ဒါကပြီးတဲ့အလုပ် မဟုတ်လားဗျာ. . . (မှန်ပါ့)၊ လျော်စွာအကျင့်ဆိုတဲ့ဥစ္စာက ဒကာ ဒကာမတို့ လျော်စွာနေ၁်ဒီဘက်က. . . (အကျင့်ပါ)၊ ဒီက ဘယ်လိုပြလေ့ရှိသတုံး. . . (ဖြစ်ပျက်ကိုပြလေ့ရှိပါ တယ်)၊ ဒီအကျင့်က. . . (ဖြစ်ပျက်လို့သိရပါမယ်)၊ ဖြစ်ပျက် လို့သိလိုက်ရင် ပြီးနေတာပဲ ဒကာ ဒကာမတို့ ဘာမှသံသယ ရှိမနေနဲ့. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## ဒီသုံးခုသာ ညီအောင်လုပ်ပါ

ကဲ. . . ဦးခင်မောင် ကျေနပ်ပလား. . . (ကျေနပ် ပါပြီ)၊ ဒါ ဘယ်သူ့ဟောတာတဲ့ဗျာ. . . (မဂ္ဂင်ကိုဟောတာ ပါ)၊ ဘယ်သူကဟောတာတုံး. . . (ဘုရားကဟောတာပါ)၊ မင်း မဂ်ဖိုလ်ရချင်လို့ရှိရင် ဒီသုံးခုသာ ညီအောင်လုပ်ပါလို့ မပြောဘူးလား. . . (ပြောပါတယ်ဘုရား)။

## သံသယရှိနေရင် ဒုက္ခရောက်ဖို့ပဲ

အဲဒီတော့ ဒကာ ဒကာမတွေ ဘုရားဟောဖြစ်နေ တာကြောင့်လည်း တစ်ခွန်းနဲ့အမှန်ပြောတဲ့ ကိုယ်တော်ကြီး ကိုလည်း ခင်ဗျားတို့ သံသယရှိနေလို့ရှိရင် ခင်ဗျားတို့ ဒုက္ခ ရောက်ဖို့ပဲ. . . (မှန်ပါ့)၊ ကိုယ့်ကိုယ်ကို သံသယရှိနေရင်

www.dhammadownload.com



လှည်း. . (ဒုက္ခရောက်ဖို့ပါ)၊ ဒုက္ခရောက်ဖို့ပဲဆိုတော့ ဒကာ ဒကာမတွေ ကိုယ့်ဒုက္ခတော့ ကိုယ်မရှာတာကောင်းတယ် ထင်တယ်. . . (မှန်ပါ)၊ ရှာဖို့များသင့်ကြရဲ့လား. . (မသင့် ပါ) မသင့်ဘူး၊ မသင့်ဘူး ဒကာ ဒကာမတို့ ပေါ့တော့တော့ လုပ်မနေပါနဲ့ ဟုတ်လား. . . (မှန်ပါ)။

ခင်ဗျားတို့ မန္တလေးလာလို့ ဘုန်းကြီးဆီရောက်မှ ထမင်းစားလို့ တစ်လုတ်သွပ်ရတာနဲ့ ခေါက်ဆွဲစားလို့ တစ်ဇွန်းဝင်တာရှိသေး၊ သေရတာကရှိတော့ စောနေတယ် . . . (မှန်ပါ)၊ မစောကြဘူးလား. . . (စောပါတယ်ဘုရား)။

ညတုန်းက လည်ပတ်နေတယ်၊ မနက်ကျတော့သေ တယ်၊ ဒီလိုဟာတွေကလည်း မမြန်လား. . . (မြန်ပါတယ် ဘုရား)၊ အဲဒီတော့ ကိုယ့်အတွက်တော့ ဗေဒင်မေးထားတော့ ဘယ်လိုများမေးထားသတုံး. . . (သေလိမ့်မယ်လို့ ဟောထား ပါတယ်)၊ အင်း. . . သေမယ်ဆိုတာတော့ သေသေချာချာ ပဲ. . . (မှန်ပါဘုရား)။

ဗေဒင်ဆရာကရေးလိုက်တာ အသက် ၁၂၀ ရှည်စေ သော်တဲ့၊ ဇာတာခွင်များဖတ်ကြည့်တော့ အဲဒီလိုမရေးဘူး လား. . . (ရေးပါတယ်ဘုရား)၊ ဒီထက်ပိုရင်တော့ မင်းမနေ ရတော့ဘူး၊ မင်းသေရတော့မယ်ဆိုတဲ့အဓိပ္ပါယ်ပါမနေဘူး လား. . . (ပါနေပါတယ်)၊ ဒီထက်ပိုလို့တော့ မင်း အသက်

www.dhammadownload.com



မရှည်နိုင်တော့ဘူး၊ ဒါ အင်မတန်ကံကောင်းဦးမှ ငါက ခြွင်းချက်နဲ့ရေးတာ. . . (မှန်ပါ့)၊ ဒီအစိပ္ပါယ်ကော မပြီးဘူးလား . . . (ပြီးနေပါတယ်ဘုရား)။

## စိတ်တစ်ခုဟာတစ်သက်လို့မှတ်

အဲဒီတော့ ၁၂၀ ဆိုတာကလည်း ဒကာ ဒကာမတို့ အသက် ၁၂၀ ဆိုပေမယ့် စိတ်တစ်ခုဟာ တစ်သက်လို့မှတ်ပါ. . . (မှန်ပါ့)၊ စိတ်တစ်ခုကို ဘာဆိုကြမယ်. . . (တစ်သက်ပါဘုရား)၊ ခင်ဗျားတို့က စိတ်တစ်သက်ဆိုတော့ ဦးခင်မောင် ၁၂၀ ကျော်ကုန်ပြီ. . . (မှန်ပါ့)၊ ဦးဘအုန်း. . . (ကျော်ကုန်ပါပြီဘုရား)။

ခင်ဗျားတို့က တွက်ကိုမတွက်လို့ပါ. . . (မှန်ပါ့)၊ တွက်ကြည့်ရင် ဘယ့်နှယ်နေကြမလဲ. . . (ကျော်ကုန်ပါပြီဘုရား)၊ ဟာ. . . ဇာတာတွေလွန်ကုန်ပြီ ခင်ဗျားတို့ဥစ္စာ (မှန်ပါ့) ရိပ်မိပလား (ရိပ်မိပါပြီ) ဒါဖြင့် အချိန်ပိုင်းကျန်တော့တယ် (မှန်ပါ့)။

အချိန်ပိုင်းကျန်တဲ့လူဟာ အသက်၁၂၀ရှည်စေသတည်း ဆိုတော့၊ ဗေဒင်ဆရာရေးတာကတော့ ခင်ဗျားတို့သဒ္ဒါရစမ္ပသဘောနဲ့ ရေးတာမဟုတ်ဘူး၊ နားထောင်ကောင်းအောင် မြှောက်ရေးတာ (မှန်ပါ့) ရက်ပေါင်း ၃၅၀

www.dhammadownload.com



မှာတစ်နှစ်၊ အဲဒီနှစ်ပေါင်း ၁၂၀-ရှည်စေသတည်းဆိုလိုတာ (မှန်ပါ့) သို့သော် သူ့ဟာကအသက်မပါရင်တော့ ဘုန်းကြီး မပြောပါဘူး။ ဒီစကားကိုအခုတော့ သူကဘာပါနေသတုံး (အသက်ပိုင်းခြား ပါနေပါတယ်) အသက်ဆိုတာက စိတ်ကလေးတစ်ခုဟာ အသက်တစ်ခု (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

စိတ်ကလဲ ဒက္ကာဒက္ကာမတို့ စိတ်ကလေးတစ်ခါ ဖြစ်တယ်ဆိုရင်၊ ရှူတဲ့လေကလေး တစ်ခါဖြစ်တာပဲ (မှန်ပါ့) စိတ်ကလေးတစ်ခါချုပ်ရင်ကော (ရှူတဲ့စိတ်ကလေး တစ်ခါ ချုပ်ပါတယ်) သူကလဲ တစ်သက်ပဲ (မှန်ပါ့) ဒါဖြင့်တစ်နာရီမှာ ခင်ဗျားတို့ ရှူလေရှိုက်လေ ၃၆၀ ပျက်တယ် (မှန်ပါဘုရား)။

တစ်နာရီ ဘယ်လောက်ပါလိမ့် (၃၆၀-ပါ) နှစ်နာရီ ကျတော့ (၇၂၀-ပါ) ခင်ဗျားတို့ဟာဇာတာရေး ထက် ကျော်ကုန်ပြီဗျ (မှန်ပါ့ဘုရား) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဒါဖြင့်ခင်ဗျားတို့သည် ဘယ်လိုများဆုံးဖြတ်ချက်ချကြ မတုံး၊ ပုဏ္ဏားပေးတဲ့ ဆုထက်တောင် တို့ကလွန်ကုန်ပြီ (သိပ်မကြာတော့ပါဘုရား) အချိန်ပိုင်းပဲ လို့တော့တယ်. . . (မှန်ပါ့ဘုရား) သူကတော့မသိရှာလို့ စင်စစ်၁၂၀ ရှည်စေ သတည်းဆိုတဲ့ဥစ္စာ၊ နှစ်ပေါင်း၁၂၀ရှည်စေသတည်း ဆိုရင်လဲ တော်သေးတယ် (မှန်ပါ့) သဘောကျပလား(ကျပါပြီ) အခု

www.dhammadownload.com



တော့ ရေးထားတာ ဘယ့်နှယ်ရေးထားသတုံး . . . (အသက် ၁၂၀လို့ ရေးထားပါတယ်) သွားပြီ ခင်ဗျားတို့လဲ (မှန်ပါဘုရား)။

ခင်ဗျားက သေစေသတည်းက တစ်ခါတည်း မင်းကိုကွာ အသက် ၁၂၀ ပြည့်လို့ရှိရင် သေစေသတည်း ဆိုရင် ပုခက်ထဲမရောက်ခင် သေရမလို ဖြစ်နေတယ် (မှန်ပါ့ ဘုရား) ရိပ်မိပလား (ရိပ်မိပါပြီ) ရုပ်သက်နဲ့ နာမ်သက်ကိုးဗျ (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

## ပုဏ္ဏားစကားလမ်းဆုံးနေတယ်

ခင်ဗျားတို့ အသက်က ဘာတုံး (ရုပ်သက်, နာမ်သက်ပါ) အဲ . . . ရုပ်သက်၊ နာမ်သက်ပဲ ရှိတာကိုး (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ) ဒါဖြင့် ခင်ဗျားတို့ကို ဗေဒင်ဆရာ ရေးတာက နှစ်တွေဘာတွေပါရဲ့လား (မပါ,ပါ) အဲ-ရုပ်သက်, နာမ်သက်လို့ ဘုရားဟောထားပါလျက်နဲ့ ခင်ဗျားတို့က ပုဏ္ဏားစကားလမ်းဆုံးနေလို့ ခက်နေတာ (မှန်ပါ့) သဘော ပါပလား (ပါ ပါပြီဘုရား)။

ဒါဖြင့် ဦးဝကြီးတို့များ ဘယ့်နှယ်နေသတုံး (သေခါနီး ပါပြီဘုရား) ဒီထဲမှာကော သေမှာချည်းပဲ မပါဘူးလား. . . (ပါပါတယ်) ၁၂၀-ကျော်ပလား-မကျော်သေးဘူးလား

www.dhammadownload.com



(ကျော်ပါပြီဘုရား) အသက်ဆိုတာ ဘာခေါ်ပါလိမ့်. . . . (ရုပ်ဇီဝိတနဲ့ နာမ်ဇီဝိတပါ) အဲ. . ရုပ်ဇီဝိတကိုအသက်ခေါ်တယ် (မှန်ပါ့) ရိပ်မိပလား . . . . (ရိပ်မိပါပြီဘုရား)။

## အသက်ဆိုတာရုပ်ဇီဝိတနဲ့နာမ်ဇီဝိတ

အသက်ဆိုတာ ဒီပြင်ဟာမှတ်မနေနဲ့၊ ခင်ဗျားတို့သိမှာမဟုတ်ဘူး၊ အသက်ဆိုတာဟာ ဦးခင်မောင်တို့ သေသေချာချာရေးမှတ်ပါ၊ ရုပ်ဇီဝိတနဲ့ နာမ်ဇီဝိတကိုခေါ်တယ်၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

ရုပ်ဇီဝိတဆိုတာ ဇီဝိတရုပ်ကလေးတစ်ခု၊ နာမ်ဇီဝိတလေးနာမ်ကလေးတစ်ခုပေါ့ဗျာ (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ) ဇီဝိတရုပ်နဲ့ဇီဝိတလို့အမည်ရတဲ့ နာမ်သဘောကလေးတစ်ခု အဲဒါကိုအသက်ခေါ်တာပဲ (မှန်ပါ့)ရှင်းကြပလား (ရှင်းပါပြီဘုရား)။

အသက်ဆိုတာ ဘာပါလိမ့် (ရုပ်ဇီဝိတနဲ့၊ နာမ်ဇီဝိတကိုခေါ်ပါတယ်ဘုရား) အဲ. . . ဇီဝိတဆိုတာ သူတို့မှအစစ်ကိုး၊ (မှန်ပါ့) ဒီပြင်ဟာတွေက အပိုတွေ၊ သူတို့မှအသက်အစစ် (မှန်ပါ့ဘုရား)။

ကိုင်း. . . ဒါဖြင့် ၁၂၀ကျော်ကြပလား . . (ကျော်ပါပြီ) ဦးဘအုန်း မကျော်သေးဘူးလား (ကျော်ပါပြီ) ကျော်နေ

www.dhammadownload.com



ပြီဒကာ ဒကာမတို့ဒါဖြင့် ဇာတာအသက်လွန်ကုန်ပြီ၊ ဘယ့်နှယ်များလုပ်ကြမတုံး၊ တရားတစ်ပွဲလုံး ခက်နေတာ အခုဟာက (မှန်ပါ့) ကဲ. . ဒီကရှေ့ကို ခင်ဗျာတို့ဇာတာက ဒီလိုဆိုထားတယ်၊ ဒီလိုဆိုထားရင်ကျော်သွားပြီ ကိုယ့်ဟာကိုယ်ဆုံးဖြတ်ချက်ချပါ (မှန်ပါဘုရား)။

ဥပမာ ဦးဝခေါ်သောပုဂ္ဂိုလ်သည်အသက် ၁၂၀-ရှည်စေသတည်း၊ သူ့နေ့သား နံသားကလေးနဲ့ကိုက်ပြီး နာမည်ကလေးတော့ ပေးလိုက်မှာပေါ့ဗျာ၊ အဲဒီနာမည်ရှိတဲ့ပုဂ္ဂိုလ်ဘာတုံး (အသက်၁၂၀ရှည်စေသတည်း) ဟောအသက်တဲ့ဗျ၊ အသက်ဆိုတာ ရုပ်အသက်ပဲ၊ နာမ်ကော. . (အသက်ပါဘုရား)။

## ရုပ်တစ်ကြိမ်ဖြစ်တာအသက်တစ်ခု

ဒါဖြင့် ရုပ်သက်၊ နာမ်သက်ပဲရှိတော့ ရုပ်ကလေးတစ်ကြိမ်ဖြစ်တာ အသက်တစ်ခု. . (မှန်ပါ့)၊ နာမ်ကလေးတစ်ကြိမ်ဖြစ်တာ. . (အသက်တစ်ခုပါ)၊ ဒါဖြင့် ဒါမျိုးတွေဟာ အကြိမ်ပေါင်း ဘယ်လောက်ရှိမယ်ထင်ကြသတုံး. . (မရေတွက်နိုင်ပါ)၊ ၁၂၀ ကျော်လောက်ပလား. . (ကျော်ပါပြီဘုရား)။

www.dhammadownload.com



သွားပြီပေါ့၊ ဒကာ ဒကာမတို့ နေစရာမရှိတော့ဘူး . . . (မှန်ပါ့)၊ အဟုတ်သဘောပါပလား. . . (ပါပါပြီဘုရား)၊ အဟုတ်သဘောပါလို့ရှိရင် ဘုန်းကြီးပြောတာကို အမှန်ယူ ဟိုပုဂ္ဂိုလ်ထွားတွေရေးတာကို အမှန်မယူနဲ့. . . (မှန်ပါ့)၊ ရိပ်မိ ပလား. . . (ရိပ်မိပါပြီဘုရား)။

ကောင်းပြီ. . ဒါဖြင့် ဒကာ ဒကာမတို့၊ ခင်ဗျားတို့ အသက်ကလေးကြွင်းနေတာကလေးဟာ၊ အခု တရားအား ထုတ်နိုင်ဖို့ တရားထူးရနိုင်ဖို့ ကြွင်းနေတာလို့ မှတ်လိုက် . . . (မှန်ပါ့)။

ဘယ်လိုမှတ်ကြမယ် . . . (တရားအားထုတ်ဖို့၊ တရားထူးရနိုင်ဖို့ ကြွင်းနေတာပါ)၊ တရားထူး၊ တရားမြတ်၊ မဂ်ဖိုလ်အစစ်ထိအောင်ရနိုင်ဖို့ ကြွင်းနေတဲ့ အသက်ကလေး . . . (မှန်ပါ့)၊ အဲဒါကလေးထဲတော့ အလွဲသုံးစားမလုပ်နဲ့ . . . (မှန်ပါ့ဘုရား)။

ဘယ်လိုမှာပါလိမ့်. . . (ဒီအထဲကတော့ အလွဲသုံး စားမလုပ်ပါနဲ့)၊ အသက်က ကုန်ချင်နေပြီဗျ။ ကံကြွင်းကလေး နည်းနည်းဆက်ထားတာ. . . (မှန်ပါ့)၊ သဘောကျပလား . . . (ကျပါပြီ)၊ အခုဟာ အပိုကလေးမဟုတ်လား. . . (မှန်ပါ့ဘုရား)။

www.dhammadownload.com



အပိုကလေး ဖြုန်းကြဦးမလို့လား. . . (မဖြုန်းပါဘုရား)၊ ဟုတ်ကြရဲ့လားခင်ဗျားတို့ဟာ၊ အပိုဖြုန်းမှာစိုးရိမ်စရာ ကောင်း မကောင်း. . . (ကောင်းပါတယ်ဘုရား)၊ အခုဟာက ၁၂၀ ထက်ဘယ့်နှယ်နေကြသတုံး. . . (အများကြီးကျော်နေပါပြီဘုရား)။

အများကြီးကျော်နေပြီဆိုသဖြင့် ဒကာ ဒကာမကို အပိုကလေးဟာ ကံကပေးထားတယ်ဆိုရင် လွဲပါ့မလား. . . (မလွဲပါဘုရား)၊ ဪ. . . ဒါကလေးဟာ နေခွင့်ကလေး နည်းနည်းကျန်သေးတယ်လို့ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)၊ အဲ့ဒါကလေးကိုဖြင့် သားရေး၊ သမီးရေး၊ စီးပွားရေးနဲ့ အချိန်မဖြုန်းလိုက်ပါနဲ့၊ အသက်လွန်ကုန်ပြီ. . . (မှန်ပါ့)၊ အခုမှပဲ ခင်ဗျားတို့လည်းရိပ်မိတာ. . . (မှန်ပါ့)၊ ဇာတာထဲ ဘာပါသတုံး. . (အသက် ၁၂၀ ရှည်စေသတည်း) အသက်ပါသေးတယ်ဗျ. . . (ပါ ပါတယ်ဘုရား)။

အနှစ် ၁၂၀ ရှည်စေသတည်းလို့ ပါသလား၊ အသက် ၁၂၀ ရှည်စေသတည်းလို့ ပါသလား. . . (အသက် ၁၂၀ ရှည်စေသတည်းလို့ ပါ ပါတယ်ဘုရား)၊ ဒါဖြင့် အနှစ် ၁၂၀ ဆိုရင်တော့ တော်သေးတာပေါ့ မောင်သစ်တို့. . . (မှန်ပါ့)၊ သဘောပါပလား. . . (ပါ ပါပြီဘုရား)။

www.dhammadownload.com



ကိုမြရွှေ ခင်ဗျားဇာတာကြည့်ပြီး၊ အိမ်ပြန်ကြည့်ဦး၊ ပြန်ကြည့်ရင်ဖြင့် သေသေချာချာပေါ်မယ်. . . (မှန်ပါ့)၊ ဒကာ ဒကာမတွေ အိမ်ကျတော့ ပြန်ကြည့်ကြဦးနော်. . . (နှစ်လို့များဖြစ်နေမလားလို့လား)၊ မဖြစ်ဘူးဗျ၊ ဘယ်ဇာတာ ကြည့်ကြည့် ခင်ဗျားတို့ဟာက. . . (မှန်ပါ့)။

ဦးဝတို့ ရှေ့မီနောက်မီ မေးကြည့်တာပေါ့ဗျ. . . (အတူတူပါပဲ၊ ဘယ်ဇာတာကြည့်ကြည့် အသက်ချည်းပါပဲဘုရား)၊ ဟုတ်ပြီ ဒါဖြင့် ထောက်ခံချက်ရပြီ. . . (မှန်ပါ့)။

ကိုင်း. . . ဒါဖြင့် ဒကာ ဒကာမတို့ တရားအားထုတ်နိုင်တဲ့ တရားထူးကလေးရဖို့ အသက်ကြွင်းနေတယ်လို့ ဆုံးဖြတ်ချက်ချ. . . (မှန်ပါ့)။

## တရားထူးရဖို့ မြန်မြန်လုပ်

ဒါဖြင့် ကြွင်းတဲ့အထဲက ဘာလုပ်ရမယ်. . . (တရားထူးရဖို့လုပ်ရပါ့မယ်)၊ မြန်မြန်လုပ်၊ ကြွင်းတာကလေး ဖြုန်းမပစ်လိုက်ပါနဲ့. . . (မှန်ပါ့)၊ ကြွင်းတာကလေးမှ ဖြုန်းခဲ့လို့ ရှိရင်ဖြင့် ဟို. . ၁၂၀တုန်းကလည်းကျင့်ချိန်မရဘူး. . . (မှန်ပါ့)၊ အခုကြွင်းတဲ့အထဲက တစ်ခါဖြုန်းဦးမယ်ဆိုရင်တော့ ကိုယ့်ဒုက္ခ ကိုယ်ရှာကြတော့မှာပဲ. . . (မှန်ပါ့)၊ ဒီအဓိပ္ပာယ် မသက်ရောက်ဘူးလား. . . (သက်ရောက်ပါတယ်ဘုရား)၊ ကိုင်း. . ကျေနပ်ပလား. . . (ကျေနပ်ပါပြီဘုရား)။

www.dhammadownload.com



ဦးခင်မောင် နက်ဖြန်ကျတော့ ဇာတာကိုများ ပြင်ရေး မထားနဲ့နော်… (မှန်ပါ့)၊ ပြင်ရေးထားလည်း အသိသာ ကြီးပါ။

ကိုင်း… ဒါဖြင့် ဒကာ ဒကာမတို့ ဘုရားဟောတော် မူတာ ဘယ်နှစ်ချက်ပါလိမ့်… (သုံးချက်ပါဘုရား)၊ မာဂဏ္ဍီ ကိုဟောတဲ့သုံးချက်ကို အခုဘုန်းကြီးမူတည်လိုက်ပါပြီ… (မှန်ပါ့)။

ဒါဖြင့် တပည့်တော်တို့ ဖြစ်ပျက်နဲ့အမြင် မဂ်နဲ့ကိုက်ရမယ် ဆိုတာ ဘယ်လောက်ကြာကြာထွက်နေရမှာလဲ၊ ဒီဂရီ degree ကို မေးကြပေတော့၊ ခင်ဗျားတို့က… (မှန်ပါ့)၊ ဒီဂရီ degree အချိန်ကို မမေးသင့်ဘူးလား… (မေးသင့်ပါတယ်ဘုရား)။

တစ်ခါတည်းမသေမချင်းလုပ်နေရမှာလားဘုရား၊ ဒီ ဖြစ်ပျက်နဲ့ မဂ်နဲ့သာ မသေမချင်းလုပ်ရမှာဖြင့်လည်း တပည့် တော်တို့ တော်တော်ဝန်လေးတယ်၊ ခင်ဗျားတို့က လျှောက် စရာရှိတယ်… (ရှိပါတယ်ဘုရား)၊ ဒါဖြင့် ဘုန်းကြီးက ဘုရားဟောတော်မူတဲ့အတိုင်း ဆုံးဖြတ်ချက်ချပေးပါ့မယ်။

ဖြစ်ပျက် ဒီက မြင်ပေးတာက မဂ်၊ သဘောကျပလား … (ကျပါပြီဘုရား)၊ အဲဒီမဂ်ကို နှစ်သက်သည်တိုင်အောင် ဒါကို မြင်ရတဲ့အတွက် ဝမ်းသာနှစ်သက်တဲ့သဘော ပေါ် သည့်တိုင်အောင်ကြည့်ရင် တော်ပြီ… (မှန်ပါ့)။

www.dhammadownload.com



## ဝမ်းသာခြင်း၊ နှစ်သက်ခြင်းဖြစ်ရင် နေရာကျပြီ

ဒီဖြစ်ပျက်ကို မဂ်က ဘယ်အချိန်လောက်ရယ်လို့ မဆိုနိုင်တော့ ဝမ်းသာလာတဲ့တစ်နေ့ ဩော် . . . ငါသည် အမှန်ဖြစ်သောကြောင့် ကိုယ့်စိတ်ထဲမှာ ပီတိပါမောဇ္ဇ-ဆိုတဲ့ ဝမ်းသာခြင်း၊ နှစ်သက်ခြင်းဖြစ်ရင် နေရာကျပြီ (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား) အဲဒါ ဖြစ်ပျက်မှု ကုန်တာပဲ (မှန်ပါ့)။*

ဖြစ်ပျက်ကို ဘယ်အခြေအနေကျအောင် ကြည့်ရမှာတုံး (ဝမ်းသာတဲ့ အခြေအနေကျအောင် ကြည့်ရမှာပါ)

---

* ပီတိပသဒ္ဒိစသော ဥပက္ကိလေသတရားများသည် ဥဒယဗ္ဗယဉာဏ်ရင့်သန်အားကောင်း၍ လာသောအခါ တစ်မျိုးမဟုတ်ပဲ တစ်မျိုး ပေါ်ချေသည်။ ၎င်းတရား ဆယ်ပါးမှာ ဥဒယဗ္ဗယဉာဏ်ရင့်သန်မှ ပေါ်တတ်သည်ဖြစ်ရာ ထိုဥဒယဗ္ဗယဉာဏ် ရောက်အောင်မျှပင် အားမထုတ်ကြဘဲ လျော့ရဲရဲနှင့် ပျင်းရိလွှမ်းမိုးနေကြသော ယောဂီများ ရှိနေကြသည်ကို သိတော်မူသဖြင့် ၎င်းတို့အား ရည်ရွယ်ပြီး ဥဒယဗ္ဗယဉာဏ် ရင့်သန်အားကောင်းလာသည် အထိ ပီတိပါမောဇ္ဇပေါ်လာသည်အထိ အောက်အဆင့် အနေအစားအားဖြင့် ၎င်းဉာဏ်ထိ ကြိုးစား အားထုတ်ပွားများကြရန် ရည်သန်၍၊ ဓမ္မပဒပါဠိတော်ကို ကိုးကား၍ ဟောကြားဆုံးမတော်မူခြင်းဖြစ်သည်။ ၎င်းဖြစ်ပျက်မှန်းလာသည်အထိ ၎င်းနောက် ဖြစ်ပျက် ဆုံးသည်အထိ အဆင့်ဆင့်အားဖြင့် ဟောတော်မူခြင်းဖြစ်သည် ကို စာဖတ်ပရိတ်သတ်များ သတိချပ်စေလိုသည်။

www.dhammadownload.com



ဝမ်းသာနှစ်သက်လာတဲ့ အခြေအနေကျအောင် ကြည့်ရမှာပါ) ဝမ်းသာနှစ်သက်လာတဲ့ အခြေအနေရောက်အောင် ကြည့်လိုက်လို့ရှိရင်ဖြင့် ဒါ-နိဗ္ဗာန်ရောက်မည့် အခြေအနေ ကပ်သွားတာပဲ . . . (မှန်ပါ့) ဖြစ်ပျက်ကြည့်ဖို့ ဆုံးဖြတ်ချက် ချပေးတာ (မှန်ပါ့)။

ဒီအရေးဟာ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောလို့သာ ဦးဘတင် ဆုံးဖြတ်ချက်ချရဲတာနော် (မှန်ပါ့) နို့မဟုတ် ချရဲပါ့မလား (မချရဲပါဘုရား)။

## ဘယ်လောက်ကြာအောင် ကြည့်ရမှာတုံး

ဖြစ်ပျက်ကို တပည့်တော်တို့ ဘယ်လောက် ကြည့်ရမှာတုံး၊ မသေမချင်း ကြည့်ရမှာလားဆိုတော့ ခင်ဗျားတို့ ဝမ်းသာနှစ်သက်သည့်တိုင်အောင် (မှန်ပါ့) ဒါကလေးမြင်ရတာ ဝမ်းသာတယ်၊ ဒါကလေး မြင်ရတာ နှစ်သက်တယ် ဆိုတဲ့ ဒီမဂ်က နှစ်သက်တာ၊ ဝမ်းသာတာ များလာအောင် ကြည့်ပေးပါ. . . (မှန်ပါ့) အဲဒါ နှစ်သက် ဝမ်းသာများလာလို့ ရှိရင်ဖြင့် ဒီဖြစ်ပျက်ကြည့်ချိန်ကုန်တာပဲ (မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

ဘယ်အခြေအနေကျအောင် ကြည့်ရမလဲ (နှစ်သက် ဝမ်းသာတဲ့ အခြေအနေကျအောင် ကြည့်ရပါမယ်) ဒီအထဲ

www.dhammadownload.com



မှာ ခေါင်းဆောင်ကသာ မင်္ဂါးမျိုး၊ ဒီ့ပြင် ပီတိသောမနဿ ဝေဒနာတွေကတော့ သဟဇာတအဖြစ်နဲ့ အများကြီးရှိတယ်၊ ခေါင်းဆောင်ပြလို့သာ မဂ္ဂင်ငါးပါးလို့ ပြတာ . . . (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

ခေါင်းဆောင်က ငါးပါး၊ အခြံအရံတွေက (အများကြီးရှိပါတယ်)၊ သူ့ရဲ့ဖြစ်ဖော်ဖြစ်ဖက် သဟဇာတတွေ ဦးခင်မောင် ဘယ်နည်းမလဲ. . . (အများကြီးပါဘုရား)။

## ဖြစ်ပျက်ကို ဝမ်းသာသည့်တိုင်အောင်ကြည့်ပေး

အဲ. . . ဖြစ်ပျက်ကို ဝမ်းသာနှစ်သက်သည့်တိုင်အောင် ဝမ်းသာနှစ်သက်ဆိုတဲ့စကားပြောလိုက်တာ. . . (မှန်ပါ့)၊ စင်စစ် ခင်ဗျားတို့ကြည့်လိုက်လို့ ကိုယ့်ဟာကိုယ် ဝမ်းသာလာတဲ့အခြေအနေ၊ စိတ်တွေကြည်လင်လာတဲ့ အခြေအနေရောက်အောင်ကြည့်ပေးရင် ဒါပြီးတာပဲ. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ကောင်းပြီ. . တဲ့၊ ဒါဖြင့် ဒကာ ဒကာမတို့ ဩော်. . သူ့မှာလည်း အချိန်ရှိသားပဲဘုရားလို့ဆိုရုံပဲ. . . (မှန်ပါ့)၊ သဘောပါကြပလား. . . (ပါ ပါပြီဘုရား)။

ဘယ်အခြေအနေကျအောင်ကြည့်ရမလဲ. . . (ဝမ်းသာတဲ့အခြေအနေကျအောင် ကြည့်ရပါ့မယ်)၊ ကြည့်နေပါ။

www.dhammadownload.com



စိတ်ကြည်ရွှင်လှာအောင်ကြည့်နေပါ။ သူက ဖြစ်ပျက်ပြနေရင်ကြည့်၊ မကြည့်ရွှင်လည်း ကြည့်သာနေ၊ နောက်ကျတော့ သူ ထုံးစံအတိုင်း ဪ- ဒါဟာမမြင်စဖူး အမြင်ထူးပြီး သကာလ နေရာကျလိုက်တာဆိုပြီး ကိုယ်ဝမ်းသာတဲ့စိတ်တွေ ဒီအထဲမှာပေါ်လာလိမ့်မယ်. . . (မှန်ပါ့)၊ ခုနင်က ငါးပါးနဲ့ တွဲပေါ်မယ် ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

တွဲပေါ်လို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ ဒီဥစ္စာဖြစ်ပျက်ကြည့်မှုဆုံးတာပဲ၊ ဖြစ်ပျက်မြင်ရတာ ဆုံးသွားတာပဲ. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဪ. . . ဖြစ်ပျက်ကြည့်ရမှာကလည်း ဒီဂရီပါဝါ degree power သေးသလားဆိုတာ ဦးခင်မောင် ရှင်းလာတယ် နော်. . . (မှန်ပါ့၊ ရှင်းပါတယ်ဘုရား)။

အဲဒါ ဘယ်မှာ လာသတုံးဆိုတော့ ဓမ္မပဒပါဠိတော်မှာလာသည်လို့ မှတ်ကြရမယ် ဒကာ ဒကာမတို့၊ ဓမ္မပဒပါဠိတော်ဆိုတာ ဘုရားဟောတာနော်. . . (မှန်ပါ့)။

**ယတော ယတော သမ္မသတိ၊ ခန္ဓာနံ ဥဒယဗ္ဗယံ။**
**လဘတိ ပီတိပါမောဇ္ဇံ၊ အမတံတံ ဝိဇာနတံ။**

ယတော ယတော၊ အကြင်အခါ ကာလ၌၊ သမ္မသတိ၊ ဒါကလေးကို ဖြစ်ပျက်လို့ သုံးသပ်နေတဲ့. . . (မှန်ပါ့)၊ ခန္ဓာနံ၊ ခန္ဓာတို့၏၊ ဥဒယဗ္ဗယံ၊ ဖြစ်ပျက်မှုကို၊ သမ္မသတိ၊

www.dhammadownload.com



သုံးသပ်နေပါ၏။ လဘာတိ ပီတိပါမောဇ္ဇံ ဆိုတာကတော့ ကြည့်ရင်းမတ္တနဲ့ ပီတိပါမောဇ္ဇကို ရလာပါလိမ့်မယ်တဲ့. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## ဒါဖြစ်ပျက်မဆုံးသေးတဲ့ပုဂ္ဂိုလ်ကို ဟောတာ

ကြည့်ရင်းမတ္တနဲ့ ဘာပေါ်လာမလဲ. . . (ပီတိပါမောဇ္ဇပေါ်လာပါမယ်ဘုရား)၊ ပီတိပါမောဇ္ဇဖြစ်လာလိမ့်မယ်၊ အဲဒါဟာ 'အမတံတံ'ဝိဇာနတံ' တဲ့၊ အသိဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်အပေါင်းမှာဖြင့် အခုကိုပဲ သူ့စိတ်ထဲမှာ နိဗ္ဗာန်ချမ်းသာမြင်ရသလောက် ဝမ်းသာတာပဲတဲ့. . . (မှန်ပါ့)။

ဖြစ်ပျက်ကို ဒါလောက်ထိအောင်ကြည့်လို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ အဖိုးတန်ပြီလို့ ဆုံးဖြတ်ချက်ချပါ. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒါဖြင့် ဦးခင်မောင် ဘယ်အခြေအနေရောက်အောင် ကြည့်ရမှာပါလိမ့်. . . (ဝမ်းသာစိတ်ပေါ်လာသည့်တိုင်အောင် ကြည့်ရမှာပါ)၊ အဲ. . ကြည့်သာကြည့်နေ၊ ဒါဖြစ်ပျက်မဆုံးသေးတဲ့ ပုဂ္ဂိုလ်ကိုဟောတာနော်. . . (မှန်ပါ့)၊ ဖြစ်ပျက်ဆုံးသွားတဲ့ပုဂ္ဂိုလ်ကျတော့ သူ မလာဘူး. . . (မှန်ပါ့)။

ဖြစ်ပျက်ဆုံးသွားတဲ့ပုဂ္ဂိုလ်ကျတော့ တစ်မျိုးဟောရမယ်၊ ဒါက တစ်စတစ်စ စပြီးအားထုတ်တဲ့ပုဂ္ဂိုလ်မှာ ပြောတာ . . . (မှန်ပါ့)၊ ဒါ သေသေချာချာမှတ်ပါ. . . (မှန်ပါ့)။

www.dhammadownload.com



## စပြီးအားထုတ်တဲ့ပုဂ္ဂိုလ်ကိုဟောတာ

ဘယ်ပုဂ္ဂိုလ်ပါလိမ့် . . . (စပြီး အားထုတ်တဲ့ပုဂ္ဂိုလ် ပါဘုရား)၊ စပြီး အားထုတ်တဲ့ပုဂ္ဂိုလ် အခုမှဆရာသမားနဲ့တွေ့ ပြီးသကာလ မင်္ဂဉာဏ်၊ ဖိုလ်ဉာဏ်လိုချင်လို့ အားထုတ်တဲ့ ပုဂ္ဂိုလ်မှာ ဖြစ်ပျက်ကိုမြင်တာသည် ဝမ်းမြောက်နှစ်သက်ကျ အောင် မြင်မှသာလျှင် ကိုယ်သည် ဖြစ်ပျက်ကြည့်စရာ ဒါပဲ ကိုး၊ ဒါလောက်ထိအောင်ကြည့်ရင် ခရီးတော်တော်ပေါက် တာပဲကိုး မှတ်လိုက်တော့. . . (မှန်ပါ့)၊ နေရာကျပလား. . . (ကျပါပြီဘုရား)။

ဒါဖြင့်. . . မြတ်စွာဘုရားဟောတော်မူတဲ့ တရား တွေဟာ အချိန်အဆတွေ ဦးဘအုန်းတို့ အကုန်ပါတာပဲ . . . (မှန်ပါ့)၊ မပါဘူးလား. . . (ပါ ပါတယ်ဘုရား)၊ အဲဒါ စုံစုံလင်လင် ဦးဘတင် ဒီဥစ္စာ မဟောနိုင်ဘူးပေါ့ဗျာ, . . (မှန်ပါ့)။

စုံစုံလင်လင်တွေ့တဲ့ပုဂ္ဂိုလ်ကျတော့ ဓမ္မပဒပါဠိတော်မှာ သေသေချာချာရှိနေတယ်. . . (မှန်ပါ့)၊ **ယတော ယတော သမ္မသတိ ခန္ဓာနံ ဥဒယဗ္ဗယံ၊ လဘတိ ပီတိပါမောဇ္ဇံ အမတံတံဝိဇာနတံ၊** အသိအလိမ္မာပညာရှိတဲ့ပုဂ္ဂိုလ်အား အမြိုက်နိဗ္ဗာန်ကဲ့သို့ ခံစားရ၏တဲ့. . . (မှန်ပါ့)၊ တစ်ခါတည်း အမြိုက်နိဗ္ဗာန်မြင်သကဲ့ သို့ ဝမ်းသာနေတာပဲ၊ ဖြစ်ပျက်ကလေးမြင်နေရတာ. . . (မှန်ပါ့)။

www.dhammadownload.com



အဲဒါ ဖြစ်ပျက်မြင်တာဖြင့် ဒီအခြေအနေကျအောင် မြင်လို့ရှိရင်ဖြင့် ခင်ဗျားတို့နောက် ဖြစ်ပျက်မုန်းလိုက်တော့မှာပဲ. . . (မှန်ပါ့)။

## ဖြစ်ပျက်မြင်ပါများရင် မုန်းလာမယ်

ဖြစ်ပျက်မြင်ပါများတော့ ဝမ်းသာတာချုပ်ပြီး မုန်းလာတာပဲ. . . (မှန်ပါ့)၊ သူ့ကိစ္စမြင်တဲ့ကိစ္စက ဝမ်းသာသည်ထိရောက်အောင်ဆိုရင်ပြီးတာပဲ. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

နောက်ကျတော့ ဘာတက်လာမယ်ထင်သတုံး. . . (မုန်းဉာဏ်တက်လာပါမယ်ဘုရား)၊ နောက်ထပ်ပြီး ကြည့်လိုက်တဲ့အခါကျတော့ အပျက်တွေမြင် နောက်တော့ မုန်းတာလာမှာပဲ. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

## ဖြစ်ပျက်ဆုံးတာလာရင် ရှစ်ပါးပြည့်သွားပြီ

မုန်းတာလာပြီးရင် ဘာလာမယ် ထင်သတုံး (ဆုံးတာလာမှာပါဘုရား) ဆုံးတာလာရင်ဖြင့် ရှစ်ပါးပြည့်သွားမှာ . . . (မှန်ပါ့)။

www.dhammadownload.com



အဲ. . . ပြည့်တယ် ဆိုလို့ရှိရင် ဒကာဒကာမတို့ အပါယ်လေးပါး တံခါးပိတ်တယ်ဆိုတာက အထူးပြောနေဖို့ လိုသေးသလား (မလိုပါဘုရား) ကိုယ်က သွားပြီးပိတ်တာလား ဒီမဂ်ကပိတ်တာလား. . (ဒီမဂ်က ပိတ်တာပါဘုရား)။

ဒါဖြင့် တံခါးပိတ်ပေးမည့် တရားရှိပါလျက်သားနဲ့ ခင်ဗျားတို့က သူ့ကို ကိုယ်ပိုင်ဖြင့် ချန်မထားဘူးဆိုလို့ရှိရင်ဖြင့် သူကပိတ်ပေးမယ်တော့ မဟုတ်တော့ဘူး၊ (မှန်ပါ့) ပိတ်ပေးပါမလား . . . (မပိတ်ပါဘုရား)။

အပါယ်တံခါးကို ဘယ်ကနေပိတ်ရသတုံး (လူ့ပြည်ကနေ ပိတ်ရပါတယ်ဘုရား) လူ့ပြည်ကနေပိတ်ရတယ်၊ လူ့ပြည်က မဂ်နဲ့နေပြီး ပိတ်ရတယ် . . . (မှန်ပါ့)။

တံခါးဘယ်ကနေ ဖွင့်ရသတုံး (လူ့ပြည်စတဲ့ ဌာနတွေက ဖွင့်ရပါတယ်ဘုရား) ဟာ . . . ဒါဖြင့် ဖွင့်တတ်ရင် ပိတ်တတ်ရမယ် ခင်ဗျားတို့ (မှန်ပါ့)။

ဘယ့်နှယ်ဆိုကြမတုံး . . . (ဖွင့်တတ်ရင် ပိတ်တတ်ရပါမယ်ဘုရား) အခုတော့ ဒကာဒကာမတွေ တံခါးဖွင့်တတ်တယ် မင်းတုတ်ကျတော့ ကျုပ် မထိုးတတ်အောင်ဖြစ်နေတယ် . . (မှန်ပါ့) ခွကျတာပေါ့ဗျ . . . ဟင် (မှန်ပါ)။

တံခါးတော့ ပိတ်တတ်တယ်၊ မင်းတုတ်ကျတော့ မမှီဘူးတဲ့၊ အဲဒီကျတော့ ခွကျနေတာပေါ့၊ ဒကာဒကာမတွေ

www.dhammadownload.com



ပိတ်တတ်လို့ရှိရင် ဘာလုပ်ရမတုံး (ဖွင့်တတ်ရပါမယ်ဘုရား) ဖွင့်တတ်ရမယ်ဆိုတာ သဘောကျပလား . (ကျပါပြီဘုရား)။

ကိုင်း . . . ဒါဖြင့် ဒကာဒကာမတို့ . . . အပါယ်လေးပါး တံခါးကို ဒီကနေ ပိတ်လို့ရတယ် (မှန်ပါ) ဖွင့်ရင်ကော ဘယ်ကနေ ဖွင့်မလဲ (ဒီကနေ ဖွင့်ပါတယ်ဘုရား) ဒီကနေပြီးတော့လဲ ဖွင့်တယ်ဆိုတာ မသေချာဘူးလား (သေချာပါတယ်ဘုရား) ဪ . . . လူ့ပြည်မှာ မကောင်းမှုလုပ်လို့ အပါယ်သွားတယ် (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

## တံခါးဖွင့်တတ်ရင် ပိတ်တတ်ရမယ်

ဘာကြောင့်ပါလိမ့်ဗျ (မကောင်းမှုလုပ်လို့ အပါယ်သွားရပါတယ်ဘုရား) မကောင်းမှုလုပ်လို့ အပါယ်သွားရတယ်ဆိုတော့ လူ့ပြည်ကနေပြီး အပါယ်တံခါးကို ဖွင့်ထားတာကိုး (မှန်ပါ့ဘုရား) မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား) ပိတ်ပြန်တော့ကော (လူ့ပြည်ကနေ အပါယ်တံခါး ပိတ်ပါတယ်ဘုရား) လူ့ပြည်ကနေ အပါယ်တံခါး ပိတ်တယ်ဆိုတော့ ဖွင့်တတ်ရင်ဘာတဲ့ (ပိတ်တတ်ရပါမယ်ဘုရား)။

ဖွင့်တတ်ရင် ပိတ်တတ်ရမယ်ဆိုတာဟာ အပိုပြောတဲ့စကားလား စည်းကမ်းကျလား . . . (စည်းကမ်းကျပါတယ်ဘုရား)။

www.dhammadownload.com



ဒီတော့ ခင်ဗျားတို့က နေပုံထိုင်ပုံ စည်းကမ်း မကျဘူး၊ ဖွင့်သာနေတယ်၊ ပိတ်ပါဆိုတော့ . . . (မပိတ်တတ် ပါဘုရား) စည်းကမ်းကျရဲ့လား (မကျပါဘုရား)။

ကိုင်း . . . ဒါဖြင့် ခင်ဗျားတို့သည် လိုသေးတယ် ဆိုတဲ့အပြစ်ကိုတော့ တင်ရမယ် (မှန်ပါ့) ဦးဘတင် တင်ထိုက် - မတင်ထိုက် (တင်ထိုက်ပါတယ်ဘုရား)။

ဦးခင်မောင် ပိတ်တော့မပိတ်တတ်ဘူးဆိုတော့ ကလေးတစ်ယောက်ဟာ တံခါးတော့ သွားဖွင့်တယ်၊ ပိတ် တော့ မပိတ်တတ်ဘူးဆိုတော့ လူကြီးက မင်း-ဖွင့်တော့ ဖွင့်တတ်တယ်၊ ပိတ်တော့မပိတ်တတ်ဘူးလားဆိုပြီး အမေ မိဘက သူ့ကိုထိပ်ခေါက် ခေါင်းပုတ် စသည်နဲ့ ဒီလိုကော မရှိဘူးလား (ရှိပါတယ်ဘုရား) ဘာဖြစ်လို့တုံး (ဖွင့်တော့ ဖွင့်တတ်တယ် ပိတ်တော့မပိတ်တတ်လို့ပါဘုရား) နို့ . . . ခင်ဗျားတို့က ဘယ်လိုလုပ်သင့်သတုံး ဒီအတိုင်းပဲ မလုပ်သင့် ဘူးလား (လုပ်သင့်ပါတယ်ဘုရား)။

အဲ . . . ခင်ဗျားတို့က ဒါပေမယ့်လဲ ပိတ်နိုင်ပေမယ့် လဲ ပိတ်ချင်မှ ပိတ်ဦးမှာ၊ အရိုက်ခံပြီး မိုက်ချင် မိုက်နေဦး မှာ (မှန်လှပါ) မဆိုးရွားဘူးလား (ဆိုးရွားပါတယ်ဘုရား)။

ကိုင်း-ဒါလောက် ဆိုးရွားလွန်းတော့လဲ ခင်ဗျားတို့ မကောင်းတော့ဘူးဆိုတာ ပေါ်ပလား . . . (ပေါ်လာပါပြီ ဘုရား)။

www.dhammadownload.com



ဒါဖြင့် ဒကာဒကာမတို့ ဖြစ်ပျက်ကို ဘယ်လောက်ကြာကြာ စိတ်ထဲမှာ ဘယ်လိုပေါ်သည့်တိုင်အောင် ရှုရမှာတုံး . . . (ဝမ်းသာသည့်တိုင်အောင် ရှုရပါမယ်ဘုရား)။

အဲ . . . ဝမ်းသာပြီး သကာလ ကြက်သီးမွေးညင်းတွေ ထပြီး အရောင်တွေ ထွက်လာလောက်အောင် တစ်ခုခုတော့ လာမယ်ဗျာ . . . (မှန်ပါ့)။

## ခန္ဓာကိုယ်က အရောင်ထွက်ချင်ထွက်မယ်

ဝမ်းသာတာက လာရင်လဲလာမယ်၊ ခန္ဓာကိုယ်က အရောင်ထွက်ချင်လဲ ထွက်မယ် . . . (မှန်ပါ့) အဲဒီအခြေအနေ ရောက်လို့ရှိရင်ဖြင့် ဖြစ်ပျက်ဟာ အတော်အောင်မြင်နေတဲ့ ဉဒယဗ္ဗယဉာဏ်ပဲလို့ ဆုံးဖြတ်ချက်ချ (မှန်ပါ).

ဦးဘအုန်းရေ . . . ဒါ မနေ့က ဒီဂရီ degree မထည့်ရလို့ ဒီနေ့ ဒီဂရီ degree အချိန်အဆထည့်ပေးနေတာ (မှန်ပါ့) ဒါ. . . သုံးချက်ရှိပြီနော် ဒီတရားစစ်ချည်းဟောနေတာ မာဂဏ်ကိုဆက်မဟောနိုင်သေးဘူး၊ မာဂဏ်ကိုတရားရတဲ့ဉစ္စာ ဒီသုံးခုသာ မှတ်ထားတယ် (မှန်ပါ့) ရှင်းပြီလား (ရှင်းပါပြီဘုရား)။

---

သြဘာသပီတိစသည် ထွက်လာရင် ဝိပဿနာနုပက္ကိလေသ မှန်သော်လည်း ဉဒယဗ္ဗယဉာဏ် အထက်တန်းကျရှိလာပုံကို ရည်ရွယ်၍ မိန့်ခြင်းဖြစ်သည်။

www.dhammadownload.com



ကဲ . . ဒါဖြင့် ဒကာဒကာမတို့ ဒီဖြစ်ပျက်ကိုမြင်တဲ့ အခြေအနေဟာ တပည့်တော် မသေမချင်း လုပ်ရမည့် တရားမျိုးပဲလို့ ဘယ်တော့မှ ခင်ဗျားတို့ လက်မှိုင်မချလိုက်နဲ့ (မှန်ပါ့ဘုရား)။

ဦးဝတို့ . . . ဖြစ်ပျက်ဟာ တစ်သက်လုံး လုပ်နေရမှာပဲ၊ လောကုတ္တရာဆိုတဲ့ဉစ္စာ မနေမနား မီးပွတ်သောယောက်ျားကဲ့သို့ အရင်ဟောထားခဲ့တာတွေ ရှိတယ် (ရှိပါတယ်ဘုရား) မီးပွတ်သောယောက်ျားဟာ မီးမထွက်မချင်း ဘာတုံး (ပွတ်ရမှာပါဘုရား)။

ဒီမှာတော့ ဖြစ်ပျက်ကို လိုရင်း ဟောလိုရင်းကတော့ ပါဠိတော်ကရှိနေမယ်၊ ဖြစ်ပျက်ကိုမြင်တာဟာ ဘယ်အခြေအနေရောက်လို့ရှိရင် ဖြစ်ပျက်ဟာ အတော်ခရီးရောက်ပြီလို့ ဆိုတာ ဆုံးဖြတ်ချက် ချနိုင်ကြသတုံး (နှစ်သက်ဝမ်းမြောက်မှု စသည် ဖြစ်မှပါဘုရား)။

## လှေခါးတစ်ထစ်၊ အောင်သွားပြီ

ဝမ်းသာလာမယ်၊ နှစ်သက်လာမယ် ဉာဏ်ထဲမှာ ဆိုရင်ဖြင့်သြော် . . . ဒါဟာဖြစ်ပျက် အတော်ခရီးရောက်ပဟော့ ဆိုတာလှေကား တစ်ထစ်အောင်သွားတာပဲ (အောင်ပါတယ်ဘုရား) လှေကားက သုံးထစ်ထားရမှာကိုးဗျ (မှန်ပါ)

www.dhammadownload.com



ဘယ်နှစ်ထစ်ကျန်တော့သလဲ (နှစ်ထစ်ကျန်တော့တယ်) နှစ်ထစ်ပဲကျန်တော့တယ်၊ ဖြစ်ပျက်ကအတော်ခရီး ရောက်သွားပြီ၊ ဖြစ်ပျက်မြင်သွားပြီဆိုကြပါစို့ (မှန်ပါ့)။

အဲ. . . ဟိုဘက်ကျတော့ ခင်ဗျားတို့ ဒီဥစ္စာကို ဆက်သာရှုလိုက်တော့ အဖြစ်အပျက်စုံတွဲပြီး မတွေ့တော့ဘူး၊ အပျက်တင်ပဲ တွေ့ချင်တွေ့မယ်၊ မုန်းစရာရင်လဲ တွေ့မယ်၊ အပြစ်တွေ့ရင် တွေ့မယ် (မှန်ပါ့ဘုရား) အဲ . . . ဖြစ်ပျက်ရှုဖို့ကိစ္စ (ဥဒယဗ္ဗယ) ပြီးစီးတယ်ဆိုတာ အလုပ်က သက်သေခံတယ် (မှန်ပါ့) အာရုံ သက်သေခံတယ် (မှန်ပါ့)။

ဦးခင်မောင် . . ဘယ်သူက သက်သေခံသလဲ (အာရုံက သက်သေခံပါတယ်ဘုရား) ဒါဖြင့် ဖြစ်ပျက်ကဖြင့် ပီတိ . . . ပါမောဇ္ဇတို့ ဖြစ်လာရင် အတော်ခရီးရောက်တာပဲ ဆိုတာ သဘောကျပလား (သဘောကျပါပြီဘုရား)။

အဲဒါဟာ ခင်ဗျားတို့ ပထမနိဗ္ဗာန်ရဖို့ နယ်ထဲရောက်နေတယ်လို့ ဆုံးဖြတ်ချက်ချရင် ချနိုင်တယ်၊ ဒီပီတိပါမောဇ္ဇလာရင် (မှန်ပါ) ပထမနိဗ္ဗာန် အမတံတံ ဝိဇာနတံ ကိုးဗျ (မှန်ပါ့)။

www.dhammadownload.com



## စူဠသောတာပန်မကတော့ဘူး

ပညာနဲ့ နှစ်သက်နေတဲ့ ပုဂ္ဂိုလ်အား အမတံတံ၊ နိဗ္ဗာန်သည်၊ ဟောတိ၊ ဖြစ်၏တဲ့၊ ဓမ္မပဒပါဠိတော် လာတာ နော် (မှန်ပါ့) ကျေနပ်ပလား (ကျေနပ်ပါပြီဘုရား)။

ပထမနိဗ္ဗာန်မြင်ရအောင်ဖြင့် ဒကာဒကာမတွေ မကြိုးစားသင့်ဘူးလား (ကြိုးစားသင့်ပါတယ်ဘုရား) ပထမ နိဗ္ဗာန်နား ရောက်လို့ရှိရင် ဒကာဒကာမတို့ ဘယ်နည်းနဲ့မှ မစိုးရိမ်နဲ့တော့၊ စူဠသောတာပန် မကတော့ဘူး၊ မဟာသော တာပန်နားပင် ကပ်နေပြီ (ကပ်နေပြီဘုရား) အဲဒီတော့ အပါယ်တံခါး ဘယ့်နှယ်နေသတုံး (ပိတ်ခါနီးပါပြီဘုရား) ဒါ လောက်ထိအောင် မလုပ်သင့်ဘူးလား . . . (လုပ်သင့်ပါ တယ်ဘုရား)။*

---

* ဖြစ်ပျက်ကိုမြင်သည့် ဥဒယဗ္ဗယဉာဏ် မရောက်ခင် ကင်္ခါ ဝိတရဏာဝိသုဒ္ဓိ ရောက်လျှင်ပင် စူဠသောတာပန်ဖြစ်ပြီဟု ဖွင့်ပြ သော ဝိသုဒ္ဓိမဂ် အဋ္ဌကထာကို သတိပြုကြပါလျှင် ဤအခန်းတွေ၌ ဟောကြားချက် ဆရာတော်ဘုရားကြီး၏ စကားရပ်ကို ရိပ်မိကြပါလိမ့်မည်။ စူဠနှင့် မဟာသောတာပန် စပ်ကြား အခြေအနေကာလ ဟောနေသည်ဟု သဘော ပေါက်လာပါ မည်။

www.dhammadownload.com



## ဒါဆိုရင် တိဟိတ်သေချာတယ်

ဒါဖြင့် ဒီဖြစ်ပျက်ကလေးကို ရှုရှု၊ ရှုရှုနေပါ၊ ရုပ်ဖြစ်ပျက်ကြိုက်တဲ့လူ ရုပ်ရှု၊ နာမ်ဖြစ်ပျက် ကြိုက်တဲ့လူက (နာမ်ရှုရပါမယ်ဘုရား) ထိုကဲ့သို့ ရှုနေပြီဆိုလို့ရှိရင်ဖြင့် ဝမ်းသာ. . . တဲ့၊ သြဘာသပီတိ ပဿဒ္ဓိ စသည်တို့ပေါ့ဗျာ (မှန်ပါ့) တစ်ခုခုလာတယ်ဆိုကတည်းက တိဟိတ်မှန်းလဲ သေချာတယ် (မှန်ပါဘုရား)။

ဖြစ်ပျက်ဟာ ဒါလောက်ကျအောင် မြင်လို့ရှိရင်ဖြင့် ဖြစ်ပျက်ကိစ္စ အတော် ခရီးရောက်နေပြီ ဆိုတာလဲ (ဉဒယဗ္ဗယဉာဏ်) ဦးခင်မောင် သေချာတယ် (သေချာပ်တယ်ဘုရား)။

ဒါဖြင့် ဦးဇံရင်တို့ ဒီအချက်ဖြင့် ပိုင်အောင်လုပ် (မှန်ပါ့) နောက်က ဒကာဒကာမတွေကော (ပိုင်အောင်လုပ်ရမှာပါဘုရား) ဝမ်းသာနှစ်သက်တွေ ပေါ်လာသည့်တိုင်အောင်လုပ်ပါ (မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

အကယ်၍ ဝမ်းသာနှစ်သက်မလာလို့ရှိရင်လဲ တပည့်တော် ဒါကိုကြည့်နေရတာ ဘုရား၊ ဝမ်းသာတယ်လဲ မဟုတ်ဘူး၊ ဝမ်းနည်းတယ်လဲ မဟုတ်ဘူး၊ တပည့်တော် ခန္ဓာကိုယ်ထဲမှာတော့ ခန္ဓာကိုယ် အရောင်အဆင်းအလင်း

www.dhammadownload.com



တွေကသာ ထွက်နေတာပဲဆိုလို့ရှိရင်လဲ၊ ဖြစ်ပျက်ရှုတဲ့ ကိစ္စဟာ ဒါလောက်ထွက်လာတယ်ဆိုလို့ရှိရင်၊ ဒကာဒကာမ တွေ ဒါအတော် ခရီးရောက်နေတဲ့ကိစ္စပဲ။ ဒါလဲတစ်မျိုးပဲ (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## ပထမနိဗ္ဗာန်နားရောက်တယ်

အဲဒါ ပထမ နိဗ္ဗာန်နား ရောက်တယ်လို့တောင် ဆိုနိုင်တယ် (မှန်ပါ့) ဘယ်လိုဆိုကြမယ် (ပထမနိဗ္ဗာန်နား ရောက်နေပါတယ်) အဲ. . . ဖြစ်ပျက်မြင်လို့ ဝမ်းသာနှစ်သက် အရောင်ထွက်ခဲ့သော်၊ တစ်ခုခုဖြစ်ပျက်ခဲ့သော် ဘယ်လိုဆို ကြပါမယ် (ပထမ နိဗ္ဗာန်နား ရောက်ပါတယ်ဘုရား)။

ကြက်သီးကလေး ဘာကလေး ထ,လာလို့ရှိရင်လဲ ပထမ နိဗ္ဗာန်နားရောက်တယ်လို့ပဲ ဆုံးဖြတ်ချက်ချ (မှန်ပါ့ ဘုရား) ခုဒ္ဒကာပီတိ၊ ခဏိကာပီတိ စသည်တွေက ရှိသေးတာ ကိုးဗျ (မှန်ပါ့)။

အဲဒီတော့ ကြက်သီးကလေး ဘာကလေး ထ, လာ ရင်လဲ ဘာပါလိမ့် (ပထမနိဗ္ဗာန်နားရောက်တာပါပဲ ဘုရား) အလကား ဒီအခန်းထဲနေရတာ တစ်ယောက်တည်း ကြောက် လို့ ကြက်သီးထ,တာဆိုတာ မဟုတ်ဘူး . . . (မှန်ပါ့) ရိပ်မိပလား (ရိပ်မိပါပြီဘုရား) ဘယ်လိုဟာ မြင်မှတုံး (ဖြစ်

www.dhammadownload.com



ပျက်မြင်မှုပါ) ဖြစ်ပျက်မြင်ပြီး ကြက်သီးထ,လာမှ (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

ခင်ဗျားတို့အတွက်ကလဲ ဖေးရ မ,ရတာတွေကလဲ နည်းတာမဟုတ်ဘူး (မှန်ပါ့) ကြက်သီးထပြီဆိုပြီး ဖြစ်ပျက်ကိုရပ်ပြီးပစ်လိုက်မှာပဲ စိုးရသေးတာကိုး၊ ဖြစ်ပျက်လဲ မြင်တာမဟုတ်ဘဲနဲ့ ကြက်သီးထ, လို့ ရပ်ပစ်မှာ စိုးရသေးတာကိုး (မှန်လှပါဘုရား)။

ကိုင်း . . . ဒါဖြင့် ဒါဟာ ၁-နံပါတ်ကို ပြီးမြောက်ကြောင်း ဆုံးဖြတ်ချက်ချတဲ့နေ့ပဲလို့ အားလုံးမှတ်မိကြပလား (မှတ်မိကြပါပြီဘုရား)။

ဒါဖြင့် ဖြစ်ပျက်မတွေ့သေးလို့ရှိရင် တွေ့အောင်လုပ် တွေ့ခဲ့လို့ရှိရင် ပထမနိဗ္ဗာန်နားရောက်အောင် ဘယ်အခြေအနေ ရောက်လို့ရှိရင် တို့နိဗ္ဗာန်နား ရောက်မလဲ ဆိုတာကော သိကြပလား . . . (သိကြပါပြီဘုရား) ဘယ်အခြေအနေ ရောက်မှလဲ . . . (ဖြစ်ပျက်မြင်ပြီး နှစ်သက်ဝမ်းမြောက်စသည်တွေ ဖြစ်ပေါ်လာမှပါဘုရား)။

အဲ . . . ပီတိတို့ ပဿဒ္ဓိတို့ နှစ်သက်မှု, ချမ်းသာမှု အရောင်တောက်မှု တစ်ခုခုပေါ့ဗျာ. . . အားလုံးတော့ မလာဘူး (မှန်ပါ) တစ်ခုခုကလေး ကြက်သီးမွေးညင်းကလေး ထ, မှုစသည်ပေါ့ (မှန်ပါဘုရား)။

www.dhammadownload.com



အဲဒါတွေလာလို့ ခန္ဓာကိုယ်ကြွသွားတယ်လို့ထင်မှု၊ အဲဒီလို တစ်ခုခုပေါ်လာလို့ရှိရင်ဖြင့် ဘာပဲပေါ်လာလာ ဖြစ်ပျက်စခန်း အတော်ခရီးရောက်ပြီ၊ ဖြစ်တာနဲ့ ပျက်တာ တွဲမြင်ရမည့် စခန်းပြီးပြီလို့ (ဥဒယဗ္ဗယဉာဏ်) ဆုံးဖြတ်ချက်ချ (မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

ဘာစခန်းပြီးတာပါလိမ့် (ဖြစ်ပျက်စခန်း ပြီးတာပါ ဘုရား) အဲဒါ ပထမနိဗ္ဗာန်နား ရောက်တာပါပဲ . . . (မှန်ပါ့) အခုပြောခဲ့တာတွေ တစ်ခုခုပေါ်ရင် ဘယ့်နှယ်ဆိုကြမလဲ (ပထမနိဗ္ဗာန်နား ရောက်ပါတယ်ဘုရား)။

## ဘုန်းကြီးကမှာတယ်ဆက်ပြီးလုပ်ပါ

ပထမနိဗ္ဗာန်နားရောက်သော ပုဂ္ဂိုလ်သည် မဟာ သောတာပန် အခြေအနေနား ရောက်သောကြောင့် သူသည် အပါယ်လေးပါးတံခါးပိတ်တာ တစ်ဘဝတောင် မလာနိုင်ဘူး၊ စူဠသောတာပန်မကတော့ဘဲ (မှန်ပါ့) ရိပ်မိပလား (ရိပ်မိပါပြီ ဘုရား) ဒါလောက်တက်လာလို့ရှိရင်လဲ ဒီယောဂီပုဂ္ဂိုလ်ကို ဘုန်းကြီးက မှာတယ်။ ထပြီး မပစ်ပါနဲ့ ထပြီးမပစ်ပါနဲ့ ဒကာဒကာမတို့ ဆက်လက်ပြီး ဝီရိယ သမာဓိ ကောင်း ကောင်းထားပြီး လုပ်ပါ၊ နောက် ၂မိနစ်၊ ၃မိနစ်ခန့် စသည်လောက် ဆက်လက်ပြီး တက်သွားမယ်ဆိုရင် ခင်ဗျား

www.dhammadownload.com



တို့ ပထမနိဗ္ဗာန် ရောက်တော့မယ် အစစ်ရတော့မယ် . . . (မှန်ပါ့)။

၂-မိနစ်၊ ၃-မိနစ်ဆိုရင် ရနိုင်ပါလိမ့်မယ် (မှန်ပါ့) ဦးဘတင် ရနိုင်ပါတယ်နော်. . . (ရနိုင်ပါတယ်ဘုရား)။

ဘာဖြစ်လို့တုံးဆိုတော့ ဒီမှာကိုကတည်းက အရောင်အဆင်း အလင်းတွေနဲ့တကွ ခန္ဓာကိုယ်ထဲမှာ နှစ်သက်မှုဝမ်းမြောက်မှု ဖြစ်ထားတာက ပထမအထစ်မှာ သေသေချာချာ အောင်ကြောင်းကို သက်သေခံနေတာကိုး . . . (မှန်ပါ့)။

## အပျက်တွေကိုမုန်းလာလိမ့်မယ်

အဲဒီတော့ ဒီကြက်သီးမွေးညင်း ထတာနဲ့ပဲ ပထမနိဗ္ဗာန်ရောက်ပြီဆိုပြီး သကာလ ဝမ်းသာပြီး ရပ်မပစ်လိုက်နဲ့ (မှန်ပါ့) လာမှာကတော့ လာမှာပဲ ရပ်မပစ်ပါနဲ့လို့ သတိပေးလိုက်တယ် (မှန်ပါ) ရပ်မပစ်ဘဲနဲ့ ဆက်ရှုပါ ဆက်ရှုတော့ သူ့အပျက်တွေချည်းရင်လဲ မြင်ပါလိမ့်မယ် (ဘင်္ဂဉာဏ်) အဖြစ်နဲ့ အပျက်တော့တွဲပြီး မမြင်တော့ဘူး၊- အပျက်တွေချည်း မြင်လာလိမ့်မယ် . . . (မှန်ပါ့) အပျက်တွေကို မုန်းလာလိမ့်မယ် (မှန်ပါဘုရား) အဲ . . . မုန်းရာကနေပြီးတော့

www.dhammadownload.com



ဒကာဒကာမတွေ နိဗ္ဗိန္ဒဉာဏ်တွေ မှတက်ပေဘူးလား (တက်ပါတယ်ဘုရား) တက်လာလိမ့်မယ် မလျှော့နဲ့ဦး ညည်းငွေ့လို့ ရှုကို မရှုချင်တော့ဘူးဆိုငြားသော်လဲ ရှုသာရှု သဘော ကျပလား (ကျပါပြီဘုရား)။

ရှုကို မရှုချင်တဲ့ နိဗ္ဗိန္ဒက လာဦးမှာကိုး (မှန်ပါ့) အဲဒီတော့ကို ရှုကို မရှုချင်ပေမယ့်လဲ ဦးခင်မောင် ပေပြီးရှု . . . (မှန်ပါ့ဘုရား) ပေရှုလိုက်တဲ့ အခါကျလို့ရှိရင်ဖြင့် ဒါကြီးဖြင့် မရချင်တော့ဘူးဆိုတာ လာမှာပဲ (ဝိရာဂဉာဏ်) မရချင်တော့ဘူးဆိုတာ လာလို့ရှိရင် ဒီက ရုပ်နာမ်နှစ်ခုဟာ ဘာဖြစ်သွားမယ်ထင်သတုံး . . . (ဆုံးသွားမှာပါဘုရား) ဆုံးသွားတဲ့အခါကျတော့ ရုပ်ကလဲ ဒုက္ခသစ္စာ နာမ်ကလဲ ဒုက္ခသစ္စာဆုံးသွားတော့ဒုက္ခဆုံးသွားတာ (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## ဒုက္ခအဆုံးက နိဗ္ဗာန်

ဒုက္ခဆုံးသွားတော့ ဒီက မဂ္ဂင်ရှစ်ပါးကလဲ ဒီကဆုံးတဲ့ အချိန်ပြည့်တဲ့အခါမှာ သူဘယ်သူနဲ့ ကွဲနေသတုံးလို့ ဦးခင်မောင်မေးရင် ဘယ့်နှယ်ပြောပါ့မယ် ဒုက္ခအဆုံးနဲ့ တွဲနေတယ်၊ ဒုက္ခအဆုံးက ဘာပါလိမ့် . . . (နိဗ္ဗာန်ပါဘုရား)။

www.dhammadownload.com



အဲ. . . ဒုက္ခအဆုံးနိဗ္ဗာန်နဲ့တွဲနေတာက မဂ်ဉာဏ် (မှန်ပါ့) ဒုက္ခအဆုံးက နိဗ္ဗာန် (မှန်ပါ့) ဒုက္ခအဆုံးကို ကိုယ်တိုင် မြင်နေရတာက (မဂ်ဉာဏ်ပါဘုရား)။

အဲ. မဂ်ဉာဏ်ဆိုဆို၊ ဖိုလ်ဉာဏ်ဆိုဆို၊ ပစ္စဝေက္ခဏာ ဉာဏ်ပဲဆိုဆို၊ သူကတော့ ၁-၂-၃ ခဏကလေးပဲ ရောက် သွားမှာပဲ (မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

ကိုင်း . . . ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု . . . သာဓု . . . သာဓု။

www.dhammadownload.com

www.dhammadownload.com